EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၀) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဩဂုတ် ၂၇ ၊ ၂၀၁၈ )

# တရုတ်ငှက်ပျောခြံများ တိုးချဲ့လုပ်ကိုင်လာမှုကြောင့် ဒေသထွက် သီးနှံများစိုက်ပျိုးမှု လျော့နည်းလာ




ဝိုင်းမော်၊ ဩဂုတ် ၂၂

ဝိုင်းမော်မြို့နယ်တွင် ငှက်ပျောစိုက်ပျိုးရေးကုမ္ပဏီ အများအပြား ဝင်ရောက်လာပြီး ဒေသခံတို့၏ လယ်ယာများ ငှားရမ်းကာ တိုးချဲ့စိုက်ပျိုးလာမှုကြောင့် ဒေသထွက်ပြောင်းဖူးစိုက်ခင်းများ တစ်နေ့ထက်တစ်နေ့ လျော့နည်းလာကြောင်း သိရသည်။

ယခင်က စန်းကားကျေးရွာတွင် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ပြောင်းဖူးခင်းများ စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါတွင် စိုက်ပျိုးထုတ်လုပ်မှု ထက်ဝက်ခန့် လျော့နည်းသွားသည်ဟု စန်းကားကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လက်ရှိ စန်းကားကျေးရွာတဝိုက်တွင် ငှက်ပျောဧကပေါင်း တစ်သောင်းကျော်ခန့်ရှိနေပြီး ပြောင်းခင်းဧကမှာ ၎င်းထက်ဝက်ခန့်ပင်မရှိတော့ကြောင်း အုပ်ချုပ်ရေးမှူးဦးဒေါင်ခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အရင်တုန်းကတော့ စန်းကားနယ်မှာ အခင်းအားလုံးနီးပါးက ပြောင်းခင်းတွေပဲ။ ဧကထောင်ချီပြီး ရှိတာပေါ့။ အခုကတော့ တရုတ်တွေ ဝင်လာပြီးနောက်ပိုင်းမှာ အခင်းတွေငှားလိုက်လို့ တစ်ဝက်လောက်တောင် မရှိတော့ဘူး” ဟုဦးဒေါင်ခေါင်ကပြောသည်။

စာ - ၂ သို့ »

## အမေ့လျော့ခံ ဘူတာရုံအို



စာ - ၃ သို့ »

## ငှက်ပျောသီးသယ်ကားများကြောင့် ကချင်ပြည်နယ်ရှိ တံတားများ ပျက်စီးပါက ဆုံးရှုံးမှုတန်ဖိုး၏ သုံးဆပေးလျော်ရမည်ဟု ဆောက်လုပ်ရေးဒုဝန်ကြီးပြော

စာ - ၄ သို့ »



## အနာဂတ်လူငယ်တွေအင်အားဖြစ်စေဖို့အတွက် အောင်လအင်န်ဆန် ကြေးရုပ်တု စိုက်ထူမည်

စာ - ၁၃ သို့ »




## နမ္မတီးမြို့ ကံလှကျေးရွာ AG အသင်းတော်မှ စစ်ရှောင်များသည် စခန်းတာဝန်ခံနှင့် မသင့်မြတ်၍ မြစ်ကြီးနား ပမ္မတီးသို့ပြောင်းရွှေ့

မစ်ကြီးနား၊ ဩဂုတ် ၂၃

မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ ကံလှကျေးရွာ AG အသင်းတော်ရှိ စစ်ရှောင်စခန်းတွင် ခိုလှုံနေသော စစ်ရှောင်များသည် စခန်းတာဝန်ခံနှင့် မသင့်မြတ်မှုကြောင့် ဩဂုတ်လ ၂၂ ရက်နေ့က ပမ္မတီးနယ်မြေ(၅)ရှိ လီဆူရိုးရာကွင်းအနီးသို့ ပြောင်းရွှေ့လာကြကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် အိမ်ခြေ ၃၄ အိမ်ရှိသည့်အနက် အိမ်ထောင်စု ၂၈ စုက ပမ္မတီးသို့ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်းသိရပြီး ယင်းသို့ ပြောင်းရွှေ့လာခြင်းသည် စခန်းတာဝန်ခံနှင့် မသင့်မြတ်မှုကြောင့် ပြောင်းရွှေ့လာသူများ အပြင် စခန်းတွင်း ရေကြီးရေလျှံမှုများကြောင့် ပြောင်းရွှေ့လာသူများလည်း ပါဝင်သည်ဟု ကဆုန့်ဒေသမှ စစ်ဘေးတိမ်းရှောင်လာသူ မမော်နီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

စာ -၅ သို့ »

# ဝိုင်းမော်မြို့နယ်တွင် တရုတ်ငှက်ပျောခြံများ တိုးချဲ့လုပ်ကိုင်လာမှုကြောင့် ဒေသထွက် သီးနှံများစိုက်ပျိုးမှု လျော့နည်းလာ

ဓာတ်ပုံ - Ah Je



ဝိုင်းမော်၊ ဩဂုတ် ၂၂

ဝိုင်းမော်မြို့နယ်တွင် ငှက်ပျောစိုက်ပျိုးရေးကုမ္ပဏီ အများအပြား ဝင်ရောက်လာပြီး ဒေသခံတို့၏ လယ်ယာများ ငှားရမ်းကာ တိုးချဲ့စိုက်ပျိုးလာမှုကြောင့် ဒေသထွက်ပြောင်းဖူးစိုက်ခင်းများ တစ်နေ့ထက်တစ်နေ့ လျော့နည်းလာကြောင်း သိရသည်။

ယခင်က စန်းကားကျေးရွာတွင် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ပြောင်းဖူးခင်းများ စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါတွင် စိုက်ပျိုးထုတ်လုပ်မှု ထက်ဝက်ခန့် လျော့နည်းသွားသည်ဟု စန်းကားကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လက်ရှိ စန်းကားကျေးရွာတဝိုက်တွင် ငှက်ပျောဧကပေါင်း တစ်သောင်းကျော်ခန့်ရှိနေပြီး ပြောင်းခင်းဧကမှာ ၎င်းထက်ဝက်ခန့်ပင်မရှိတော့ကြောင်း အုပ်ချုပ်ရေးမှူးဦးဒေါင်ခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အရင်တုန်းကတော့ စန်းကားနယ်မှာ အခင်းအားလုံးနီးပါးက ပြောင်းခင်းတွေပဲ။ ဧကထောင်ချီပြီး ရှိတာပေါ့။ အခုကတော့ တရုတ်တွေ ဝင်လာပြီးနောက်ပိုင်းမှာ အခင်းတွေငှားလိုက်လို့ တစ်ဝက်လောက်တောင် မရှိတော့ဘူး" ဟုဦးဒေါင်ခေါင်ကပြောသည်။

ထိုသို့ နည်းပါးလာခြင်းမှာ အမြတ်အစွန်းနည်းပါးသောထွန်ယက်စိုက်ပျိုးမှုများထက် အပင်ပန်းခံစရာမလိုဘဲ တစ်နှစ်လျှင် တစ်ဧက ၅သိန်း၊ ၆ သိန်းရသည့် နှစ်ပြတ်စာချုပ်ချုပ်ဆိုငှားရမ်းမှုများကြောင့် ဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုရာတွင် တစ်လုံးတစ်ခဲတည်းရသည့် တရုတ်တို့ပေးငွေက မိသားစုစားဝတ်နေရေးကိုလတ်တလော ပိုမိုအဆင်ပြေနေစေသောကြောင့်ဖြစ်ကြောင်း ဒေသခံပြောင်းခင်းပိုင်ရှင် ဦးငွါးဆာကသူ့အမြင်ကိုပြောသည်။

"သီးနှံတွေစိုက်တာက နွားနဲ့ပဲထွန်ရတယ်ဆိုတော့ ဘယ်လောက်မှ မကျန်ဘူး၊ ဒီတရုတ်တွေဝင်လာတော့ သူတို့ကတစ်နှစ်ကိုတစ်ဧက ၅ သိန်း၊ ၆ သိန်းလောက်ပေးတယ်ဆိုတော့ ဧကများရင် ၂ နှစ်ကို သိန်း ၃၀၀၊ ၄၀၀ လောက်ရတယ်။ အခုဆိုရင် အိမ်မဆောက်နိုင်သူတွေက အိမ်ဆောက် ကားမဝယ်နိုင်တဲ့သူတွေက ကားဝယ်နိုင်ပြီပေါ့။ ကျွန်တော်လည်း ငှါးမလားလို့ စဉ်းစားနေတာ"ဟု ဦးငွါးဆာက ပြောသည်။

အိမ်ခြေ ၇၀၀ ခန့်ရှိသည့် စန်းကားရွာတွင် ဒေသခံတောင်သူအချို့က ၎င်းတို့ပိုင်သည့်မြေများကို မငှားရမ်းချင်ကြသော်လည်း လယ်နီးနားချင်းတို့က ငှားရမ်းလိုက်သဖြင့် ငှားရမ်းပေးလိုက်ရသူများလည်းရှိကြောင်း တောင်သူဦးဘောမ်တိန့်က ရှင်းပြပြောဆိုသည်။

"အခု ဘေးပတ်ဝန်းကျင်အားလုံး ငှားလိုက်ပြီဆိုတော့ ကိုယ်တစ်ယောက်တည်း အလယ်မှာ နေရရင် ဝင်ပေါက်ထွက်ပေါက် မရှိဘူးပေါ့၊ နွားကျောင်းလည်းခက်တယ်၊ သူများတွေ ငှားတယ်ဆိုတော့ ကိုယ်လည်းငှား ရတာပေါ့"ဟု မြေပိုင်ရှင် ဦးဘောမ်တိန့်က ပြောသည်။

ပြောင်းစိုက်ပျိုး လုပ်ကိုင်ခြင်းသည် အချိန်ကုန်လူပင်ပန်း၍ အမြတ်အစွန်းနည်းပါးသော်လည်း မိမိတို့ပိုင်သည့် မြေယာများကို တရုတ်တို့ထံ ငှားရမ်းရန် အစီအစဉ်မရှိကြောင်း၊ ရှိနှင့်ပြီးသားမြေယာတွင် မိသားစုနှင့်အတူ အေးချမ်းစွာ လုပ်ကိုင်စားသောက်လိုကြောင်း ပြောင်းခင်း ၁၂ ဧကပိုင်ရှင်ဒေါ်တီနာက ပြောသည်။

"အန်တီတို့ကတော့ ဒီပြောင်းခင်းကို တရုတ်တွေကိုငှားဖို့အစီအစဉ်မရှိဘူး။ အန်တီတို့ အခင်းက ၁၂ ဧက ရှိတာဆိုတော့ တစ်ခါစိုက်ရင် ဆယ်သိန်းကျော်လောက် ရင်းပြီး တစ်ဝက်လောက်တော့ ပြန်မြတ်တယ်။ အချိန်ကုန် လူပန်းတယ်ဆိုပေမဲ့ ငှားဖို့တော့ အစီအစဉ်မရှိဘူး"ဟု ဒေါ်တီနာက ပြောသည်။





စန်းကားကျေးရွာတွင် တရုတ်ကုမ္ပဏီများဝင်ရောက်၍ ငှက်ပျောပင်အမြောက်အမြားလာရောက် စိုက်ပျိုးရာတွင် မြေယာများ ငှားရမ်းပေးသောတောင်သူများအနေဖြင့် နောင်နှစ်များတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း ပြောင်းဖူးပိုင် ဦးထွန်းထွန်းက ပြောသည်။

"စန်းကားဘက်မှာ ဒီငှက်ပျောပင်စိုက်တာကလည်း ဟိုမြေငှားပေးတဲ့ တောင်သူတွေဆိုရင် နောက် ၅ နှစ်၊ ၆ နှစ်မှာ သူတို့ရဲ့အခြေအနေ ဆိုးရွားသွားနိုင်တယ်။ အဲ့ဒီငှက်ပျောပင်မှာသုံးတဲ့ ဓာတ်မြေဩဇာတွေကြောင့် တချို့နေရာတွေဆို မြက်ပင်တွေတောင် မပေါက်တော့ဘူး၊ နောက်ဆို သူတို့ခွက်ဆွဲပြီး တောင်းစားရမယ့်အဆင့်ထိ ရောက်နိုင်တယ်"ဟု ဦးထွန်းထွန်းကပြောသည်။

ယခုအခါ စန်းကားကျေးရွာတဝိုက်တွင် တရုတ်ငှက်ပျောကုမ္ပဏီငယ် အများအပြားရှိပြီး ထိန်မင်း၊ စင်ကြိုင်၊ ဆွတ်ဘွမ်၊ ဖိုးပြည့်လျှံ ကုမ္ပဏီကြီးလေးခုမှ အဓိကထိန်းချုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**Ann/ Benadeth**



# အမေ့လျော့ခံ ဘူတာရုံအို


ဓာတ်ပုံ - စည်သူ (မြစ်ကြီးနား)

ကချင်ပြည်နယ်ရဲ့ မြို့တော် မြစ်ကြီးနားမြို့ကြီးရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ မြစ်ကြီးနားဘူတာကြီးဟာ အချိန်ကာလကြာလာတာနဲ့အမျှ ဟောင်းနွမ်းလာတာကို မြင်တွေ့ကြရပါတယ်။

ယနေ့ လက်ရှိအချိန်ထိတော့ ဒီဘူတာအဆောက်အအုံကြီးဟာ ဆေးရောင်တွေပျက်ပြယ်၊ ရေညှိတွေတက်ပြီးတော့ ဘူတာအဆောက်အဦရဲ့ တိုင်ခြေတွေမှာလည်း ကွမ်းတံတွေးတွေကို တွေ့ရမှာပါ။ ဒီဘူတာကြီးတည်ရှိနေတာ နှစ်ပေါင်းတစ်ရာကျော်ရှိခဲ့ပါပြီ။ ၁၉၉၁ ခုနှစ်အရောက်မှာတော့ အခုလက်ရှိအသုံးပြုနေတဲ့ အဆောက်အအုံကြီးကို စစ်အစိုးရက တည်ဆောက်ပေးခဲ့ပါတယ်။ အနှစ်သုံးဆယ်နီးပါးလောက် ကြာလာပြီဆိုတော့လည်း ဘူတာကြီးက အိုမင်းလာပါပြီ။ အသေးစားပြုပြင်မှုတွေရှိခဲ့ပေမယ့်လည်း ခမ်းနားထည်ဝါတဲ့ ပြုပြင်မွမ်းမံမှုမျိုးတော့ မရှိခဲ့ဘူးလို့ ဆိုရမှာပါ။ ဒါကြောင့်လည်း အခုလို အခြေအနေမျိုးကို ရောက်ရှိနေတာပါ။ အခုခေတ်မှာ ပို့ဆောင်ရေးလမ်းကြောင်းတွေက ခေတ်မီလာပါပြီ။ မြစ်ကြီးနားမှာဆိုရင် မော်တော်ယာဉ်လိုင်းတွေ ၇၀ ကျော်လောက်နဲ့ လေကြောင်းလိုင်း ၈ လိုင်း အသုံးပြုနေကြပါတယ်။ ငွေကြေးတတ်နိုင်တဲ့သူတွေက သူတို့ခရီးသွားဖို့ လေကြောင်းလိုင်းတွေ၊ မှန်လုံကားကြီးတွေကို အများဆုံးအသုံးပြုကြလို့ မီးရထားဘက်ကို လှည့်မကြည့်ကြပေမယ့် သံလမ်းရိုးတစ်ကြောက ဒေသခံတွေနဲ့ အခြေခံလူတန်းစားတွေအတွက်တော့ မြန်မာ့မီးရထားဟာ တန်ဖိုးဖြတ်လို့မရတဲ့ ခရီးသွားလာရေးယာဉ်တစ်ခုပါ။ မြန်မာပြည်အလယ်ပိုင်းနဲ့ ကချင်ပြည်နယ်ကို သက်သာတဲ့တန်ဆာခနဲ့ အပြန်အလှန်ကုန်သွယ်ပေးနေတဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။

ဘူတာနဲ့ နီးစပ်တဲ့သူတွေဆီက သိရတာတော့ ဘူတာကြီးမှာ တစ်နေ့ကို ရထားဆယ်စီးလောက် အဝင်အထွက်ရှိပြီး ခရီးသည် ၁၅၀၀ နဲ့ ၂၀၀၀ ကြားဝင်ထွက်သွားနေတယ်လို့ သိရတယ်။ ဘူတာအနီးတစ်ဝိုက်က ကုန်တင်ကုန်ချရုံတွေ၊ ကုန် သိုလှောင်ရုံတွေဘက်မှာ မိုးတွင်းဆိုရင် ဝင်လမ်းတွေမှာဗွက်တွေ များလွန်းလှပါတယ်။ ဒါပေမဲ့လည်း သုံးဘီးယာဉ်ငယ်လေးတွေနဲ့ ကုန်တွေပို့ရာမှာတော့ ရွှံ့ဗွက်အတော်လေး ရှန်းရတယ်လို့ ဘူတာကို သုံးဘီးနဲ့ ကုန်စည်ပို့ဆောင်နေတဲ့ ကိုကောင်းမြတ်ထက်က ပြောပါတယ်။

ပြီးခဲ့တဲ့လက အောက်ပိုင်းကိုအလည်ပြန်သွားတဲ့ မြစ်ကြီးနား၊ ဂျန်မိုင်ကောင်းရပ်ကွက်က ကိုရန်အောင်ထွန်းကတော့ ဒီဘူတာကြီးဟာဟောင်းနွမ်းနေပြီဖြစ်လို့ အမြန်ဆုံးပြုပြင်သင့်တယ်လို့ သုံးသပ်ပါတယ်။

"အရင်လက ရွာကိုပြန်တော့ ရထားစီးပြီးသွားတယ်။ ဘူတာကိုကြည့်ရတဲ့ပုံစံက မပြုပြင်တာကြာပြီလို့ မြင်တယ်။ ရေညှိတွေလည်း တက်နေပြီ။ တချို့နေရာတွေမှာလည်း နည်းနည်းလေးတော့ ညစ်ပတ်တယ်"ဟု ကိုရန်အောင်ထွန်းက သူမြင်ခဲ့တာကို ပြောပြပါတယ်။

မြစ်ကြီးနားမြို့မှာ မြို့အင်္ဂါရပ်နဲ့ညီအောင် ပြုပြင်ရေးလုပ်ငန်းတွေ အတော်လုပ်ကိုင်နေတာတွေ့ရပါတယ်။ လေဆိပ်အဆောက်အဦတွေ ကားကြီးကွင်းအသစ်တွေ မြို့ပေါ်လမ်းအသစ်တွေ ပန်းခြံအသစ်တွေ ဗိုလ်ချုပ်ရင်ပြင်တွေနဲ့ မြို့တော်ရဲ့ ဂုဏ်ကျက်သရေဆောင်ဖြစ်အောင် တည်ဆောက်နေကြပါတယ်။

မြစ်ကြီးနားဘူတာကြီးကိုတော့ ဥပေက္ခာပြုထားရသလို ရှိတာကြောင့် မြို့အင်္ဂါရပ်နဲ့ညီအောင်ပြုပြင်ထိန်းသိမ်းဖို့ပြည်သူတွေရဲ့နှုတ်ဖျားမှာ ပြောလာကြပါတယ်။

ဒီလို ဆိုးဆိုးရွားရွားပျက်စီးမှုတွေရှိခဲ့ရင် မြို့အင်္ဂါရပ်နဲ့ညီအောင် ပြန်လည်ပြုပြင်သင့်ကြောင်းနဲ့ ခရီးသွားပြည်သူတွေအနေနဲ့လည်း သန့်ရှင်းသပ်ရပ်စွာ အသုံးပြုဖို့လိုအပ်ကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ဟောင်း ဦးသန်းဆွေက ပြောကြားပါတယ်။

"ဟောင်းနေရင်ကတော့ ပြုပြင်ရမှာပေါ့။ မြစ်ကြီးနားဘူတာဆိုတော့ နည်းနည်းတော့ ပြယုဂ်ကောင်းတော့ လုပ်ရမှာပေါ့။ ကြည့်မကောင်းတော့ဘူးဆိုရင် ပြင်ရမှာပေါ့"လို့ ဦးသန်းဆွေက အကြံပြုခဲ့တာပါ။

ဘူတာကြီး သန့်ရှင်းသာယာလှပဖို့အတွက် အသေးစားပြုပြင်မှုတွေ ဆောင်ရွက်နေသလိုပဲ အကြီးစားပြုပြင်ဖို့အတွက် ကုန်ကျစရိတ်များကို တွက်ချက်ပြီး အထက်လူကြီးတွေထံ တင်ပြထားတယ်လို့တော့ လက်ရှိမြစ်ကြီးနားဘူတာမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

"စာရင်း တွက်ချက်နေတာပေါ့လေ။ ဘယ်လောက်ကုန်မလဲဆိုတာကိုပေါ့။ ကျွန်တော်တို့ပြင်ဆင်သွားမှာပါ။ အထက်ကိုတင်ပြပြီး လုပ်ငန်းဆောင်ရွက်ချက်ကျမှ လုပ်လို့ရမှာ"ဟု မြန်မာ့မီးရထား၊ တိုင်း(၁)၊ မြို့ပြအင်ဂျင်နီယာဌာနမှ စာရေး ဦးနေဝင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောကြားပါတယ်။

မြစ်ကြီးနားဘူတာကြီးကို ၁၈၉၅ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့တာ ဖြစ်တယ်လို့သိရပြီးတော့ နှစ်ပေါင်းတစ်ရာကျော်နီးပါးကြာက တစ်ခေါက် ပြုပြင်မွမ်းမံခဲ့ဖူးပါတယ်။ မြို့လယ်ခေါင်မှာရှိနေတဲ့ ဘူတာရုံဟောင်းကြီးကို ပစ်မထားဘဲ အချိန်မီ ပြုပြင်ရင်တော့ သန့်ရှင်းသပ်ရပ်တဲ့ ဘူတာကြီးအဖြစ် ပြန်လည်မြင်တွေ့ရတော့မှာပါ။

စည်သူ(မြစ်ကြီးနား)



မြစ်ကြီးနားသတင်းဂျာနယ်

အပတ်စဉ်
တနင်္လာ နေ့တိုင်း
၇ ကြိမ်

ကြော်ငြာထည့်သွင်းလိုသူများ
ဆက်သွယ်နိုင်သည်
၀၉- ၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၃

Online မှ Pdf မှာယူလိုသူများ myitkyinajournal@gmail.com သို့ဆက်သွယ်နိုင်ပါသည်၊

လပေးနှစ်ချုပ် မှာယူလိုသူများ ဆက်သွယ်ရန်
၀၉- ၄၅၉၄၅၂၉၀၂၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၂၅၉၀၇၇၄၁၅၊ ၀၉- ၂၅၆၃၆၀၂၇၄

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ခေါင်ဒေါင်နုတ်

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန့် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ငှက်ပျောသီးသယ်ကားများကြောင့် ကချင်ပြည်နယ်ရှိ တံတားများ ပျက်စီးပါက ဆုံးရှုံးမှုတန်ဖိုး၏ သုံးဆပေးလျော်ရမည်ဟု ဆောက်လုပ်ရေးဒုဝန်ကြီးပြော



ဓာတ်ပုံ - ဆိုင်းမိုင်

မြစ်ကြီးနား၊ ဩဂုတ် ၂၄

ငှက်ပျောသယ် ကုမ္ပဏီများကြောင့် ကချင်ပြည်နယ်ရှိ တံတားများ ပျက်စီးပါက ဆုံးရှုံးမှုတန်ဖိုး၏သုံးဆကို ပေးလျော်ရမည်ဟု အသိပေးညွှန်ကြားထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အမျိုးသားလွှတ်တော်တွင် ပြောကြားလိုက်သည်။

" ကချင်ပြည်နယ်ထဲက ဒဘတ်ယန် ဘေလီတံတား၊ မလိယန်ဘေလီတံတား၊ နန်ဆန်ယန်သံဘောင် ဘေလီတံတား စတဲ့တံတားတွေမှာ တံတားခံနိုင်ဝန်နဲ့ သတိပေးဆိုင်းဘုတ်တွေကို တရုတ် - မြန်မာနှစ်ဘာသာနဲ့ ရေးသားစိုက်ထူထားပြီးတော့ တန်ပိုယာဉ်တွေ ဖြတ်သန်းမှု မရှိစေရေးအတွက်ကိုလည်း ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းထားပါတယ်။ ငှက်ပျော သယ်ဆောင်သည့် ကုမ္ပဏီများအား ၂၂ဘီးအစားကားအငယ်များဖြင့် သတ်မှတ်တန်ချိန်အတိုင်း သယ်ဆောင်ကြဖို့နဲ့ တံတားများပျက်စီးဆုံးရှုံးသွားပါက ပျက်စီးမှုတန်ဖိုး၏သုံးဆကို ပေးလျော်မည်ဖြစ်ကြောင်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လမ်းတံတားများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေဖို့အတွက် နှစ်စဉ်မိုးတွင်း ဆယ်ဘီးနှင့်အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်တားဆီးရေးအဖွဲ့ကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး စစ်ဆေးတားမြစ်ဆောင်ရွက်လျက် ရှိပါတယ်" ဟု ဒုတိယဝန်ကြီးကပြောကြားသည်။

ဩဂုတ်လ ၂၁ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)၊ မိုးမောက်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း၏ အိမ်နီးချင်းနိုင်ငံမှ ငှက်ပျောသယ်ဆောင်သည့် ၂၂ ဘီးကားကြီးများ အခေါက်ရေရာထောင်မကအဆမတန် တန်ပိုဖြတ်သန်းသွားလာမှုကြောင့် ကချင်ပြည်နယ်၊ ဗန်းမော် - မြစ်ကြီးနား - ကန်ပိုက်တီလမ်းမပေါ်ရှိ တံတားများ၏ အရည်အသွေးကျဆင်းနေမှုအပေါ် စစ်ဆေးကြပ်မတ်ပြုပြင်ရန် လိုအပ်နေသည်များကို အချိန်မီပြုပြင်ရန်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီးအရေးယူပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အထက်ပါအတိုင်း ဖြေကြားလိုက်ခြင်း ဖြစ်သည်။

ဒေါက်တာ ခွန်ဝင်းသောင်းက "တစ်သျှူးငှက်ပျောစိုက်ခင်းများစွာကို တရုတ်-မြန်မာ လုပ်ငန်းရှင်များစွာ ပူးပေါင်းပြီး၊ မြေလွတ်မြေရိုင်းရော၊ မြေမလွတ်မြေမရိုင်းရော အချိန်တိုအတွင်းယန္တရားကြီးများအသုံးပြုလို့ စိုက်ပျိုးဖော်ထုတ်နေကြတာဟာ ကချင်ပြည်နယ်၊ ဝိုင်းမော် - မြစ်ကြီးနား၊ ဗန်းမော်၊ မန်စီမြို့နယ်တွေမှာသာမကဘဲ စစ်ကိုင်းတိုင်းဒေသအတွင်းအထိ ပေါ်ပေါ်ထင်ထင် စိုက်ပျိုးနေမှုများဟာ လူ့ခန္ဓာကိုယ်မှာ ကင်ဆာရောဂါဖြစ်ပွားသလိုပါပဲ။ နှစ်စဉ်ငှက်ပျောခုတ် ရာသီရောက်ပြီဆိုတာနဲ့ အိမ်နီးချင်းတရုတ်ပြည်က ၂၂ ဘီးကားတွေဟာ တစ်ရက်လည်းမဟုတ်၊ တစ်နှစ်လည်းမဟုတ် ရာသီချိန်ရောက်တိုင်း တန်ပိုယာဉ်တွေ အကြိမ်ကြိမ်ဖြတ်သန်းကြလို့ တစ်ကြိမ်မဟုတ်တစ်ကြိမ် အန္တရာယ်ကို လက်ယပ်ခေါ်နေသလိုဖြစ်တဲ့အပြင် အခွန်အခကလည်း အတိအကျမရ၊ ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးနေမှုတွေ၊ တံတားတွေ ပျက်စီးဆုံးရှုံးခဲ့ရင်လည်း ပြင်ဆင်စရိတ်က နိုင်ငံတော်အတွက် အပူအပင်တစ်ခုဖြစ်ဖို့များပါတယ်။ အဲဒီလိုတရားဝင်ရော တရားမဝင်ပါ ကျူးကျော်စိုက်ပျိုးနေကြတဲ့ တစ်သျှူးငှက်ပျောခင်းများမှ ကုန်များကို အဆမတန်တင်ဆောင်ပြီး ရာသီချိန်ရောက်တိုင်း ဖြတ်သန်းသွားလာမှုကြောင့် တံတားအရည်အသွေးများ ကျဆင်းလာပြီး မကြာမီအချိန်အတွင်းမှာ ထိုအရာများကို လစ်လျူရှုထားမယ်ဆိုရင် ဧရာဝတီတိုင်းအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ မြောင်းမြကြိုးတံတားလိုအကြောင်းမလှ ရင်နင့်ဖွယ်အကြောင်းတွေနဲ့ ကြုံလာနိုင်တဲ့အတွက် တံတားများကို (၁) အရည်အသွေး ကျဆင်းနေမှုအပေါ် ကြပ်မတ်စစ်ဆေးရန်၊ (၂)လိုအပ်နေမှုများကို အချိန်မီပြုပြင်ရန်၊ (၃) နောက်နောင်ထိုသို့ စည်းကမ်းဖောက်ဖျက်မှုများကို ထိရောက်စွာတားဆီးစစ်ဆေးပေးကြရန် အစီအစဉ်ရှိမရှိ မေးမြန်းအပ်ပါတယ်"ဟု မေးမြန်းခဲ့သည်။

ထို့အပြင် ယခုနှစ်မိုးတွင်းကာလတွင်လည်း ၁၀ ဘီးနှင့်အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှု မရှိစေရန် တန်ပိုတားဆီးစစ်ဆေးရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး စည်းကမ်းဖောက်ဖျက်မှုများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကချင်ပြည်နယ်အတွင်းရှိ ငှက်ပျောစိုက်ခင်းများမှ သယ်ယူပို့ဆောင်သွားလာသည့် အဓိကလမ်းများမှာ မြစ်ကြီးနား - ဗန်းမော်လမ်း၊ ဝိုင်းမော် - ချီဖွေလမ်း၊ ဝိုင်းမော် - ဆဒုံး - ကန်ပိုက်တီလမ်းနှင့် ရွှေညောင်ပင် - တာလောကြီးလမ်းတို့ဖြစ်ပြီး အဆိုပါလမ်းများရှိ အဓိကတံတားများဖြစ်သည့် တံတားခံနိုင်ဝန်မှာ အရှည်ပေ ၄၅၀ ရှိ ဒဘတ်ယန်ဘေလီတံတားနှင့် အရှည်ပေ ၃၂၈ ပေရှိသော မလိယန်ဘေလီတံတား ခံနိုင်ဝန်မှာ ၁၆ တန်၊ အရှည် ၄၀၀ ပေရှိသော နန်ဆန်ယန်ဘေလီသံဘောင်တံတားမှာ ၁၄ တန် သတ်မှတ်ထားပြီး ထိုတံတားများမှာ ကြံ့ခိုင်မှု အားနည်းလျက်ရှိသည့်အတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ဆိုင်း (ကချင်မြေ)



# နမ္မတီးမြို့ ကံလှကျေးရွာ AG အသင်းတော်မှ စစ်ရှောင်များသည် စခန်းတာဝန်ခံနှင့် မသင့်မြတ်၍ မြစ်ကြီးနား ပမ္မတီးသို့ပြောင်းရွှေ့



မြစ်ကြီးနား၊ ဩဂုတ် ၂၃

မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ ကံလှကျေးရွာ AG အသင်းတော်ရှိ စစ်ရှောင်စခန်းတွင် ခိုလှုံနေသော စစ်ရှောင်များသည် စခန်းတာဝန်ခံနှင့် မသင့်မြတ်မှုကြောင့် ဩဂုတ်လ ၂၂ ရက်နေ့က ပမ္မတီးနယ်မြေ(၅)ရှိ လီဆူရိုးရာကွင်းအနီးသို့ ပြောင်းရွှေ့လာကြကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် အိမ်ခြေ ၃၄ အိမ်ရှိသည့်အနက် အိမ်ထောင်စု ၂၈ စုက ပမ္မတီးသို့ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်းသိရပြီး ယင်းသို့ ပြောင်းရွှေ့လာခြင်းသည် စခန်းတာဝန်ခံနှင့် မသင့်မြတ်မှုကြောင့် ပြောင်းရွှေ့လာသူများအပြင် စခန်းတွင်း ရေကြီးရေလျှံမှုများကြောင့် ပြောင်းရွှေ့လာသူများလည်း ပါဝင်သည်ဟု ကဆုန့်ဒေသမှ စစ်ဘေးတိမ်းရှောင်လာသူ မမော်နီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အိမ်သာနဲ့ ရေချိုးတဲ့နေရာက ကပ်လျက်ဖြစ်နေတော့ နေရတာ လုံးဝအဆင်မပြေဘူး။ ရေကြီးတာကလည်း တစ်လမှာ နှစ်ခါလောက်ကြီးတော့ ကလေးတွေနဲ့ အသက်ကြီးတဲ့သူတွေက နေရထိုင်ရတာ အဆင်မပြေတဲ့ကြားက camp တာဝန်ခံနဲ့ လုံးဝအဆင်မပြေတော့ ဒီနေရာကိုပြောင်းလာရတယ်။ camp တာဝန်ခံက နင်တို့ ငါ့တောင်းလို့စားရတာ ငါမတောင်းရင် နင်တို့ငတ်နေတာကြာပြီဆိုပြီး အမျိုးမျိုးအကြိမ်ကြိမ်ပြောတယ်"ဟု မမော်နီက ပြောသည်။

ထို့အပြင် camp တာဝန်ခံက စစ်ရှောင်သူများကို အကြိမ်ကြိမ်မောင်းထုတ်မှုများလည်း ရှိသဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု ပြောင်းရွှေ့လာသူဦးအားဖီက ပြောသည်။

"သူမောင်းထုတ်တာက မေလ ၁၅ ရက်ကနေစပြီး အမျိုးမျိုးအပြစ်ရှာပြီး အကြိမ်ကြိမ်မောင်းထုတ်ခဲ့တယ်။ ဒါကြောင့် ဒီရောက်လာတာ။ camp တာဝန်ခံက ဘော်ဒါဆောင်ဖွင့်ထားတော့ ကျောင်းသားတွေနေရမယ်လို့ ပြောတယ်။ ပြီးရင် အစည်းအဝေးလုပ်ရင်လည်း တစ်ခုခုတောင်းဆိုလိုက်ရင် အာခံတယ်ဆိုပြီး IDP စာရင်းကပယ်လိုက်တယ်။ အဲလိုနဲ့ပဲ တဖြည်းဖြည်းစာရင်းပယ်တာက ဆယ်အိမ်ရှိသွားပြီ။ အဲ့လိုပယ်ထားတော့ ထောက်ပံ့ကြေးလည်း မရတော့ဘူး။ အထက်က ကူညီတဲ့လူတွေကတော့ ပေးတယ်။ camp တာဝန်ခံနဲ့ အသင်းတော်လူကြီးတွေက မပေးတာ"ဟု ၎င်းက ပြောသည်။

Camp တာဝန်ခံဖြစ်သူဦးဇောင်းခေါင်ကမူ အဆိုပါစစ်ရှောင်များ ပြောင်းရွှေ့ခြင်းသည် camp အတွင်း ချမှတ်ထားသော စည်းကမ်းများကို လိုက်နာမှုမရှိခြင်းကြောင့် ဟုဆိုသည်။

"မောင်းထုတ်တာမဟုတ်ဘူး။ သူတို့အိမ်ရှိလို့သွားလိုက်တာ။ ဟုတ်တယ် စာရင်းပယ်ထားတဲ့ စစ်ရှောင်တွေရှိတယ်။ သူတို့ကတော့ စည်းကမ်းမလိုက်နာဘူး။ အသင်းတော်ထဲမှာလည်းအရက်သောက်ဆေးလိပ်သောက်နဲ့ ပြောလို့မရဘူး။ ဒါကြောင့် စာရင်းပယ်လိုက်တာပေါ့။ ဟိုးအရင်တုန်းကတော့ နှစ်အိမ်ထုတ်ထားတာ တစ်လလောက်ရှိပြီ။ ကျန်လေးအိမ်က camp တာဝန်ခံကိုလည်း သတင်းလာမပေးဘဲ နှစ်လလောက် ပျောက်သွားတယ်။ ဒါကြောင့် ထုတ်လိုက်တာ။ ကျန်တဲ့အိမ်တွေကျတော့ ပုန်ကန်မှုနဲ့ စောဒကတက်ပြီး camp တာဝန်ခံရဲ့ ဦးဆောင်မှုထဲမှာမနေချင်တော့ အသင်းတော်အနေနဲ့ ထုတ်လိုက်တာ"ဟု ၎င်းကပြောသည်။

ကံလှကျေးရွာ AG အသင်းတော်စစ်ရှောင်စခန်းမှ အိမ်ထောင်စု ၂၈ စုသည် လီဆူရေးရာဝန်ကြီး၏ အကူအညီဖြင့် ပမ္မတီး လီဆူရိုးရာကွင်းအနီးသို့ပြောင်းရွှေ့လာခြင်းဖြစ်ကာ ထပ်မံပြောင်းရွှေ့လာကြသည့် စစ်ရှောင်များအတွက် နေအိမ်ခန်းများ အရေးတကြီးလိုအပ်နေကြောင်း သိရသည်။

ထပ်မံ ပြောင်းရွှေ့လာသည့် စစ်ရှောင်ပြည်သူ ၁၀၀ ကျော်ခန့်ရှိပြီး ၎င်းတို့အတွက် ရေနှင့်မီးများလည်း လိုအပ်နေကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများလည်း လိုအပ်နေကြောင်း ပြောင်းရွှေ့လာသူ ဦးလဒန်နော်က ပြောသည်။

ယခုလက်ရှိတွင် ၎င်းစစ်ရှောင်စခန်း၌ အိမ်ခြေ ၆ အိမ် ကျန်နေခဲ့ကြောင်း သိရသည်။

Ah Je







## Editorial
## အယ်ဒီတာ့အာဘော်

### ကိုလိုနီငှက်ပျော

ကချင်ပြည်နယ်ရဲ့ အထူးသီးနှံ ခြောက်မျိုးစာရင်းမှာ ပါဝင်နေတဲ့ တရုတ်တစ်သျှူးငှက်ပျောပင်တွေဟာ ကချင်ပြည်နယ်အပြင် အခြားတိုင်းဒေသကြီးတွေအထိ ကူးစက်ပျံ့နှံ့နေပါပြီ။ တဖြည်းဖြည်း နယ်ကျော်လာတဲ့ ကိုလိုနီစီးပွားရေးသမားတွေရဲ့ နယ်မြေချဲ့ထွင်မှုက ဇကေပေါင်း သိန်းသောင်းချီပြီး လုပ်ကိုင်တဲ့အထိ ဖြစ်လာပါတယ်။

စီးပွားရေးမှာ သူမတူအောင် ကျွမ်းကျင်လှတဲ့ နိုင်ငံကြီးသားတွေက တောင်သူတွေရဲ့ အားနည်းချက်ကို အညှာကိုင်ပြီး ငွေတွေပုံအောပေးလိုက်တော့ တောင်သူတွေက နောင်ရေးကိုမတွေးတော့ဘဲ လောလောဆယ် အဆင်ပြေရေးအတွက် "နောင်ခါလာနောင်ခါစျေး"ထုံးကို နှလုံးမူလိုက်ကြပါတော့တယ်။

တောင်သူတွေဘက်က ကြည့်ရင်လည်း တစ်ရာသီလုံးပင်ပန်းဆင်းရဲခံပြီး လုပ်မှရမယ့်ငွေထက် လတ်တလောလုံးခနဲ ခဲကနဲရမယ့်ငွေက မက်မောစရာဖြစ်နေတော့ ငြင်းမိကြမှာပါပဲ။ စီးပွားရေးသမားတွေရဲ့ အရင်းရှင်ပီသလွန်းမှုက တောင်သူတွေကို တောင်သူဘဝကနေ ကားအုံနာကြီးတွေ ဘဝကို ပြောင်းလဲပေးလိုက်တာကြောင့် ကြာရင် တောင်သူမျိုးရိုး ပျောက်မှာတောင် စိုးမိပါတယ်။

လက်ရှိအစိုးရကလည်း တားဆီးတာတွေ၊ အရေးယူတာတွေ မလုပ်တဲ့အပြင် မြေလွတ်မြေရိုင်းဥပဒေအရ ဆိုပြီး တစ်ဇကေကျပ် ၃၀၀၀ ကောက်ခံနေရာကနေ မြေယာဥပဒေအရ တစ်ဇကေကို အနည်းဆုံးကျပ် တစ်သောင်းကနေ နှစ်သောင်းအထိတိုးမြှင့်ကောက်ခံဖို့ ဒီနှစ် ဧပြီလအတွင်းက ပြည်နယ်လွှတ်တော်မှာ ဆုံးဖြတ်လိုက်တော့ တရားဝင်လုပ်ခွင့်ပြုလိုက်တဲ့ သဘောကိုဆောင်နေပါတယ်။ အရင် အစိုးရလက်ထက်မှာ ဝန်ကြီးချုပ်လုပ်ခဲ့တဲ့ လက်ရှိ တနိုင်းကိုယ်စားလှယ် ဦးလဂျွန်ငန်ဆိုင်းကတော့စိုက်ပျိုးမှုလျော့နည်းသွားအောင် အခွန်အခတွေကိုတိုးမြှင့်တယ်ဆိုပေမယ့် စိုက်ခင်းတွေက လျော့မလာတဲ့အပြင် တိုးလို့လာခဲ့ပါတယ်။

စိုက်ခင်းတွေတိုးလာလေ တရားမဝင်တဲ့ လူတွေရော၊ မြေတွေပါပေါများလာပြီး အခွင့်အရေး ချိုးဖောက်တာတွေလည်း ဖြစ်ခဲ့ပါတယ်။

နိုင်ငံကြီးသားတွေရဲ့ စီးပွားရေးဗျူဟာထဲမှာ ကြားညပ်နေတာကတော့ တရုတ်ပြည်ကို မှီခိုအားထားနေရတဲ့ ကားဆရာတွေ ကုန်သည်တွေပါ။ မြန်မာပြည်ဘက်မှာ ငှက်ပျောစိုက်ကုမ္ပဏီတွေကို တစ်ယောက်စနှစ်ယောက်စ အရေးယူလိုက်တာနဲ့ သူတို့နိုင်ငံထဲက မြန်မာနိုင်ငံသားတွေကို ဖမ်းဆီးတာတွေ၊ ဆီးစစ်တာတွေ လုပ်လာပါတယ်။ သစ်မှောင်ခိုလာလုပ်တဲ့ အယောက်တစ်ရာကျော်ကို ဖမ်းတုန်းကလည်း သူတို့ဆီမှာ ဆန္ဒပြတာတွေ ရှိခဲ့ပါတယ်။

တိုင်းပြည်တစ်ခုရဲ့ ဥပဒေကို အပြန်အလှန်လေးစားလိုက်နာဖို့ သဘောတူထားခဲ့တဲ့ နိုင်ငံနီးချင်းတို့ရဲ့ မူဝါဒတွေက သူတို့ရဲ့ မဟာဗျူဟာကျတဲ့ စီးပွားရေး Vision, Mission တွေအောက်မှာ မော်မကြည့်ရဲအောင် ဖြစ်နေပါပြီ။ အရင်နှစ်တွေက ငှက်ပျောခုတ်ရာသီမှာ တစ်ပတ်၊ တစ်ပတ်ကို တန်ချိန် ၅၀၀၀ လောက်တင်ပို့ခဲ့တယ်လို့ ကန်ပိုင်တည်နယ်စပ်ကုန်သွယ်ရေးက ပြောတာ တွေ့ဖူးတယ်။ ဇကေပေါင်း သိန်းချီနေတဲ့ ငှက်ပျောခြံတွေကနေ တစ်ရာသီ တစ်ရာသီမှာ ဘယ်လောက်တောင် ထုတ်နေတယ်ဆိုတာ တွေးကြည့်ရင်သိနိုင်မှာပါ။

အရင့်အရင်အစိုးရတွေ ခွင့်ပြုထားခဲ့တဲ့ ပြဿနာက တောမီးလို ပျံ့နှံ့လိုက်စားလာနေပေမယ့် ဒါတွေကို ကုစားဖို့ လက်ရှိအစိုးရက လက်ရှောင်နေကြပါတယ်။ လမ်းတံတားတွေ ပျက်ရင် ဘယ်နှဆလျော်ရမယ်ဆိုတဲ့ လွှတ်တော်ထဲက ဝန်ကြီးတွေရဲ့ ဖြေဆိုချက်တွေက လက်ရှိမြေပြင်အခြေအနေနဲ့ အလှမ်းကွာနေတယ်။ လက်တွေ့မြေပြင်မှာ ပျက်စီးနေတဲ့လမ်းတွေကို ပြုပြင်ဖို့ ဘယ်ရွှေ့ဘယ်မျှတောင်းလိုက်တယ်ဆိုတာ မကြားမိသေးပါဘူး။

၂၀၁၇ မေလတုန်းက ပြည်နယ်အစိုးရသတင်းစာရှင်းလင်းပွဲမှာ တရားမဝင် ငှက်ပျောခင်းတွေကို အရေးယူမယ်လို့ ဝန်ကြီးချုပ်က ပြောခဲ့ပေမယ့် တကယ့်လက်တွေ့မှာ အကောင်အထည်ပေါ်မလာခဲ့ပါဘူး။ အစိုးရအနေနဲ့ ဝင်လာတာကိုလည်း မတားဆီး၊ ရှိနေတာကိုလည်း မစိစစ်၊ မထိန်းကျောင်းဘဲ လက်ပိုက်ကြည့်နေရင် မြန်မာတို့ရဲ့ ကုန်ထုတ်လုပ်မှုက မှေးမှိန်လာမယ့်အပြင် ကချင်တစ်ပြည်နယ်လုံးမှာ ယာခင်းတွေအစား ငှက်ပျောခင်းတွေကို စိုးရိမ်မိပါသေးတော့တယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# USDP ပါတီမှ ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်း၏ ကိုယ်ရေးအချက်အလက်အကျဉ်း

မြစ်ကြီးနားမြို့နယ်အတွင်း နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) နေရာအတွက် ကိုယ်စားလှယ်လောင်း (၆)ဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါကိုယ်စားလှယ် (၆)ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့၊ ကချင်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ခမ်း၊ တစ်သီးပုဂ္ဂလအနေဖြင့် ဒေါက်တာသန်းထိုက်ဦး၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှ ဒေါ် MD ခေါ်ညွှယ်တို့ ဖြစ်သည်။

၎င်းတို့ (၆) ဦးအနက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြပေးလိုက်ပါသည်။ လာမည့် အပတ်များတွင်လည်း ကျန်ရှိကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များကို မြစ်ကြီးနားသတင်းဂျာနယ်က ဆက်လက်ဖော်ပြသွားပါမည်။

ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဆီဟူးဒွေ့၏ ကိုယ်ရေးအကျဉ်း

၁။ အမည် - ဦးဆီဟူးဒွေ့
၂။ ပါတီ/အဖွဲ့အစည်း - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
၃။ မွေးသက္ကရာဇ် - ၂၉. ၇. ၁၉၆၈(၅၀)နှစ်
၄။ လူမျိုး/ကိုးကွယ်သည့်ဘာသာ - လီဆူ/ခရစ်ယာန်
၅။ မှတ်ပုံတင်အမှတ် - ၁/ပတအ(နိုင်) ၀၂၄၇၅၀
၆။ ပညာအရည်အချင်း - ဥပဒေ(စတုတ္ထနှစ်) B.Th
၇။ ဇနီးအမည် - ဒေါ်ချန်ရမ်
၈။ နေရပ်လိပ်စာ - အမှတ် ၄၄၈၊ လမ်းသွယ် ၂၁၊ ခေမာသီရိ၊ မြစ်ကြီးနားမြို့။



**ကိုယ်ရေးအကျဉ်း**

- ဦးဆီဟူးဒွေ့ကို အဘ ဦးချော်ဖာတီ(ကွယ်လွန်)နှင့် အမိ ဒေါ်ခူမာစဲတို့မှ ၁၉၆၈ ခုနှစ်တွင် ပူတာအိုမြို့နယ်၊ မူလာအွန်ကျေးရွာ၌ မွေးဖွားခဲ့ပြီး မွေးချင်း (၄) ဦးအနက် အကြီးဆုံးသား ဖြစ်သည်။
- မူလာအွန်ကျေးရွာတွင် နေထိုင်ကြီးပြင်းခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဒေါ်ချန်ရမ်နှင့် အိမ်ထောင်ကျခဲ့ကာ သားသမီးသုံးဦး ထွန်းကားခဲ့ပါသည်။
- ယခုအခါ ၎င်းတို့မိသားစုသည် မြစ်ကြီးနားမြို့၊ ခေမာသီရိ ရပ်ကွက်တွင် နေထိုင်လျှက်ရှိပါသည်။
- ဦးဆီဟူးဒွေ့သည် အမက ဇီးအွန်၊ အလက မူလာရှီဒီးနှင့် အလက ဒုတ္တန်၊ အထက ပူတာအို၌ တက်ရောက်ခဲ့ကာ ၁၉၉၀ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သူဖြစ်သည်။
- အဝေးသင်တက္ကသိုလ် (မန္တလေး) တွင် ဥပဒေ (စတုတ္ထနှစ်) အထိတက်ရောက်ခဲ့သည်။
- ၂၀၁၀-၂၀၁၃ ခုနှစ်ထိ မြစ်ကြီးနား ဓမ္မတက္ကသိုလ် (M.C.S) သို့တက်ရောက်ကာ B.Th ဘွဲ့ရရှိခဲ့ပါသည်။
- ၎င်းသည် ပညာရေးဌာနတွင် ၁၉၉၀-၁၉၉၂ ခုနှစ်ထိ အ. မ. က ရီကျော်ဒီ၌ မူလတန်းပြကျောင်း ဆရာတာဝန် ထမ်းဆောင်ခဲ့သည်။
- လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် ၁၉၉၂ -၂၀၀၄ ခုနှစ်ထိ လက်ထောက် လ. ဝ. က မှူးတာဝန်ကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၉ ခုနှစ်ထိ ဒုတိယလဝကမှူး တာဝန်ကိုလည်းကောင်းထမ်းဆောင်ခဲ့သည်။ လဝကတွင် တာဝန်ထမ်းဆောင်စဉ်ခေါင်လန်ဖူး၊ မကဖ(၃)၊ မြစ်ကြီးနား၊ မိုးမောက်၊ ဆင်ဘို၊ နစက(မောင်တော)၊ နကသ(ကန်ပိုက်တည်)၊ ပူတာအိုစသည့် မြို့များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။
- ၂၀၀၆ -၂၀၀၉ ခုနှစ်အထိ ပူတာအိုမြို့နယ်၊ လီဆူစာပေနှင့်ယဉ်ကျေးမှု ကော်မတီဝင်အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ လက်ရှိအချိန်ထိ မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ၏ တွဲဘက်အတွင်းရေးမှူး(၁) အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက် ရှိသည်။
- ကချင်မျိုးနွယ်စုစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များ၊ ဗမာ၊ ရှမ်း၊ စာပေယဉ်ကျေးမှုအဖွဲ့များနှင့် အပြန်အလှန်ချိတ်ဆက်မှု ပြုလုပ်ပေးနေသူလည်း ဖြစ်သည်။

Salai

**PATINA CAKE & BREAD TRAINING**
Patina Bakery
မြစ်ကြီးနားမြို့ရဲ့ ပထမဆုံး ကိတ်နှင့် ပေါင်မုန့်ဖုတ် ရက်တိုသင်တန်း
➡ ကိတ်နှင့် ပေါင်မုန့်ကို မိမိစိတ်တိုင်းကျ သန့်ရှင်းလတ်ဆတ်စွာ စားသုံးလိုသူများ
➡ အိမ်တွင်း သက်မွေးမှုအသေးစားလုပ်ငန်းလုပ်ကိုင်လိုသူများ ရက်တိုအတွင်း တတ်မြောက်အောင် သင်ကြားပေးမည်။
**သင်ကြားပေးမည့်ဘာသာရပ်များ**
◈ ပေါင်မုန့် ၊ ကိတ်မုန့် အခြေခံပြုလုပ်နည်းသင်တန်း (Cake & Bread Basic Course)
◈ Birthday Cake အလှဆင်နည်းသင်တန်း (Cake Decoration Course)
◈ ကွတ်ကီးမုန့် သီးသန့် သင်တန်း (Cokies Special Course)
❒ အပတ်စဉ် တနင်္လာနေ့တိုင်း တန်းခွဲအသစ်ရှိသည်။
❒ သင်တန်းတွင် စာတွေ့လက်တွေ့သင်ကြားပေးသည်။
❒ သင်တန်းချိန်နှင့် သင်တန်းကာလ ဆွေးနွေးညှိနှိုင်းနိုင်သည်။
**သင်တန်းကြေး**
Course အလိုက်သင်တန်းကြေး ၁၀၀၀၀၀ မှ ၃၀၀၀၀၀ ရှိပြီး (ကုန်ကြမ်း + Apron + သင်ထောက်ကူစာအုပ်) ကို သင်တန်းမှအခမဲ့ ပေးမည်။
**ဆက်သွယ်ရန်**- အမှတ် (၅/၃၀၇)၊ အေးမြသာယာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း ၀၉-၄၀၀၀၁၃၀၄၇၊၀၉-၇၇၁၃၉၉၃၂၀

# ဖားကန့်တွင် ရဲအရာရှိတစ်ဦးကို တစ်လင်တစ်မယား ဥပဒေဖြင့် အမှုဖွင့်တိုင်တန်း

မြစ်ကြီးနား၊ ဩဂုတ် ၂၂

ဖားကန့်မြို့နယ်၊ ဆိပ်မူ ကျေးရွာအုပ်စု၊ မော်လကင်း ကျေးရွာတွင် ရောက်ရှိနေသော မြစ်ကြီးနား ရဲတပ်ရင်း (၃၀)မှ ရဲအရာရှိတစ်ဦးအား ထောင်မှထွက်လာသောဒေသခံအမျိုးသားတစ်ဦးက တစ်လင်တစ်မယားဥပဒေဖြင့် အမှုဖွင့်တိုင်ကြားထားကြောင်း ဖားကန့်မြို့မရဲစခန်းမှ သိရသည်။

အမှုဖွင့်တိုင်တန်းသူ တရားလို ဦးသိန်းအေးသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့အနီးတွင် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး သီပေါထောင်တွင် ပြစ်ဒဏ်ကျခံနေရာမှ လွတ်မြောက်လာစဉ် ဇနီးဖြစ်သူနှင့် အဆိုပါရဲအရှိတို့ ၎င်း၏နေအိမ်တွင် လင်မယားအဖြစ် ပေါင်းသင်းနေခြင်းကြောင့်ဖြစ်ကြောင်း တိုင်ကြားစာတွင် ပါရှိသည်။

ယင်းဖြစ်စဉ်အား ဦးသိန်းအေး၏ အစ်မဖြစ်သူက သက်သေအဖြစ်ပါဝင်ပြီး ပတ်ဝန်းကျင်နေအိမ်များမှ အသိသက်သေများနှင့်တကွ ဇနီးဖြစ်သူကိုပါ တိုင်တန်းခဲ့ခြင်းဖြစ်သည်။

စည်သူ(မြစ်ကြီးနား)
ဇော်မိုးထက်(ဖားကန့်)

# ပြည်နယ်အစိုးရက လျာထားသော ကျောက်စိမ်းလုပ်ကွက်နေရာအများစုမှာ ကျောက်ထွက်သည့်နေရာများမဟုတ်ဟု ဒေသခံများပြော

မြစ်ကြီးနား၊ ဩဂုတ် ၂၃

ဖားကန့်ဒေသအတွင်း ပြည်နယ်အစိုးရမှ ကျောက်စိမ်းတူးဖော်ခွင့်ပြုမည်ဆိုသည့် လက်လုပ်လက်စား လုပ်ကွက်နေရာများသည် ကျောက်စိမ်းမထွက်နိုင်သည့် နေရာများဖြစ်ကြောင်း ဒေသခံများက ပြောသည်။


ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ချထားပေးရန် စီစဉ်နေသည့် လုပ်ကွက်နေရာများမှာ နန့်ယားကျေးရွာ၊ နမ့်မဖြစ်ကျေးရွာနှင့် ဟောင်ပါးကျေးရွာတို့တွင် ဖြစ်ကြောင်းသိရပြီး ပြည်ထောင်စုအစိုးရအဖွဲ့အား ဆက်လက် တင်ပြထားကြောင်းလည်း သိရသည်။

ဒေသခံများ၏ ပြောပြချက်အရ နမ့်မဖြစ်ကျေးရွာအုပ်စုသည် ဖားကန့်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေသဖြစ်ကြောင်း၊ ဟောင်ပါးအုပ်စုမှာလည်း ကျောက်စိမ်းမထွက်ဘဲ ရွှေအဓိကထွက်သည့် နေရာဖြစ်ကြောင်း၊ နန့်ယားအုပ်စုမှာ ကျောက်စိမ်းလုံးဝထွက်ရှိသည့် နေရာမဟုတ်ကြောင်းလည်း သိရသည်။

"ကျောက်မထွက်တဲ့နေရာတွေများပါတယ်။ သာမန်အားဖြင့်တော့ ကျောက်စိမ်းလုပ်ကွက်တွေ မဟုတ်ပါဘူး။ ဒီနေရာတွေက ရွှေပဲအများစုထွက်ပါတယ်။ ဟောင်ပါးမှာဆိုရင် စက်ယန္တရားတွေနဲ့တူးလို့ ဒေသခံတွေ စိုက်ပျိုးရေးတောင် လုပ်စားစရာ နေရာ မရှိတော့ပါဘူး"ဟု ဖားကန့်မြို့နယ်မှ အလွတ်တန်းသတင်းထောက် ကိုဇော်မိုးထက်က ပြောသည်။

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်ပြီး ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးက ယင်းဒေသများသည် ကျောက်မျက်လုပ်ကွက်များ ချထားပေးရန် မရရှိသေးကြောင်း ရွှေလုပ်ကွက်များအဖြစ်သာ ချထားပေးနိုင်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျောက်လုပ်ကွက်က ချခွင့်မရှိသေးဘူးလေ။ ဥပဒေမှ မပြီးသေးဘဲနဲ့ ကျောက်စိမ်းလုပ်ကွက် ဘယ်လိုချပေးလို့ရမလဲ။ သတ္တုတွင်း ဥပဒေအရဆို ရွှေတော့ချပေးလို့ရတယ်"ဟု ဦးတင့်စိုးမှ ရှင်းပြသည်။



ယင်းသို့ တပိုင်တနိုင် ကျောက်စိမ်းလုပ်ကွက်များကို အဆိုပါ ကျေးရွာအုပ်စုများတွင် ချထားပေးရန် စီစဉ်နေကြောင်း RFA သတင်းဌာန၏ ဖေ့ဘုတ်စာမျက်နှာတွင် ဖော်ပြပါရှိခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# မြစ်ကြီးနား၌ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး စီးပွားရေးဇုန်စီမံကိန်း ဆောင်ရွက်ရာတွင် ပြည်သူ့သဘောထားများ ထည့်သွင်းစဉ်းစားသင့်ကြောင်း ကေအန်စီသဘောထားထုတ်ပြန်

ဩဂုတ် ၂၃

မြစ်ကြီးနားမြို့နယ်တွင် အကောင်အထည်ဖော်မည့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဇုန်ကြီး တည်ဆောက်ရာတွင် ပြည်သူလူထု ကိုယ်စားပြုစားသော ဆွေးနွေးချက်များ ထည့်သွင်းစဉ်းစားပြီး လုပ်ဆောင်မှသာ ပိုမိုအောင်မြင်မည် ဖြစ်ကြောင်း ကချင်အမျိုးသား ကွန်ဂရက်ပါတီ(KNC) က ဩဂုတ်လ ၂၃ ရက်တွင် ထုတ်ပြန်သည့် သဘောထားကြေညာချက်တွင် ပါဝင်သည်။

ပြည်နယ်အစိုးရအနေဖြင့် ယင်းစီးပွားရေးဇုန်ကြီး အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံမည့် ယူနန်-ထိန်ချုံးဟုန်ရင်ကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သဘောတူညီချက် (MoA) မရေးထိုးမီ ကချင်နိုင်ငံရေးအစုအဖွဲ့များ၏ ဆွေးနွေးချက်များကိုလည်း ထည့်သွင်းဆွေးနွေးရန် တောင်းဆိုထားသည်။

"ကျွန်တော်တို့မြင်တာက ဒီအနိုင်ရပါတီအစိုးရအဖွဲ့နဲ့ စီးပွားရေးသမားတွေလုပ်တဲ့ အချက်အလက်တွေက ပြည့်စုံကောင်း ပြည်စုံလိမ့်မယ်။ ကောင်းတဲ့ဟာကို ဆွေးနွေးလိမ့်မယ်။ ဒါပေမယ့်လည်း ဒီလောက် ပဋိပက္ခဖြစ်နေတဲ့ နေရာမှာ အဓိကကျတဲ့ ကချင်လူမျိုးစုတွေရဲ့ သဘောထားဆန္ဒကတော့ တချို့ဆွေးနွေးချက်တွေမှာ ပါသင့်တယ်လို့ ကျွန်တော်ယူဆတယ်" ဟု KNC ပါတီဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းစီမံကိန်းကို မြစ်ကြီးနားမြို့အနောက်ဘက် ဆယ်မိုင်ကျော်ခန့်အကွာရှိ နန်ကျင်ဒေသမှ မြေဧက ၄၇၀၀ ပေါ်တွင် ၁၅ နှစ်စီမံကိန်းဖြင့် တည်ဆောက်ရန် လျာထားပြီး စီးပွားရေးတစ်ခုတည်းကို မကြည့်ဘဲ နိုင်ငံရေးအရဖြေရှင်းဆောင်ရွက်နိုင်သည့် စီးပွားရေးဇုန်ဖြစ်ရန်အတွက်လည်း တိုက်တွန်းထားသည်။

"မည်သည့်ရင်းနှီးမြှုပ်နှံမှုကိုမဆို ကောင်းမွန်မျှတတဲ့ သဘောတူညီချက်တွေ ဖြစ်စေချင်တယ်။ မြစ်ဆုံလိုမျိုးဖြစ်လာရင် ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တပ်လန်သွားမယ်။ ကျွန်တော်တို့က အဲဒီဟာကို စိုးရိမ်တာ။ ကျွန်တော်တစ်ချက်ပြောချင်တာက မြစ်ကြီးနားမြို့မှာ နောက် ၁၅ နှစ်အထိ တခြားရင်းနှီးမြှုပ်မှု မလုပ်ဘူးဆိုပြီးကြားတယ်။ မြစ်ကြီးနားနဲ့ မိုးကောင်းလွင်ပြင်က အဓိကကျတယ်။ အခုအစိုးရက တစ်သက်လုံးအုပ်ချုပ်မှာ မဟုတ်ဘူး။ နောက်အစိုးရတက်လာလို့ ဒီနေရာတွေမှာ တခြားရင်းနှီးမြှုပ်နှံမှုတွေ ပေးချင်တယ်ဆိုရင် ပြဿနာတက်ပြီ။ အဲဒီအခါကျွန်တော်တို့ဒေသခံပြည်သူတွေပဲ အခွင့်အလမ်းဆုံးရှုံးမှာ"ဟုလည်း ဒေါက်တာ Mကောန်လက သုံးသပ်သည်။

မြစ်ကြီးနားစီးပွားဖွံ့ဖြိုးတိုးတက်ရေးဇုန်ကြီးကို မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ဇုန်ကြီးအဖြစ် တည်ဆောက်ရန် ပြည်နယ်အစိုးရကကြိုးပမ်းနေသော်လည်း ပြည်နယ်တွင်း မငြိမ်းချမ်းမှုများက လာရောက် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်ပကုမ္ပဏီများကို အဟန့်အတားပြုနေကြောင်း ဝန်ကြီးချုပ်က ပြောကြားထားသည်။

စည်သူ(မြစ်ကြီးနား)

# FPNCC က ရေဘေးသင့်ဒေသများအတွက် ကျပ်သိန်းပေါင်း လေးထောင်ကျော်လှူဒါန်း

မြစ်ကြီးနား၊ ဩဂုတ် ၂၄

ကေအိုင်အို ပါဝင်သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC)က မြန်မာနိုင်ငံအတွင်းမှ ရေဘေးသင့် ပြည်သူများအတွက် ကျပ်သိန်း ၄၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

လတ်တလော မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေဘေးသင့်နေသည့် ပဲခူးတိုင်းဒေသကြီး၊ မွန် ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း စသည့်ဒေသများအတွက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။




ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် စိုက်ပျိုးလယ်မြေ ဧကကိုးသောင်းခန့် ပျက်စီးခဲ့ပြီး အိုးအိမ်စွန့်ခွာ ရေဘေးဒုက္ခသည်ပေါင်း နှစ်သိန်းနီးပါးခန့်ရှိခဲ့ကြောင်း ဩဂုတ်လ ၃ ရက်နေ့ စာရင်းအရ သိရသည်။

ထို့အပြင် ရေဘေးသင့် ဒုက္ခသည် ၁၆ ဦးခန့် သေဆုံးခဲ့ရပြီး အသက်ဆုံးရှုံးခဲ့ရသူများအတွက် FPNCC အနေဖြင့် ဝမ်းနည်းပါကြောင်းနှင့် ရေဘေးသင့် ဒုက္ခသည်များအတွက် ယင်းဒုက္ခမှလွတ်မြောက်ပါစေကြောင်း FPNCC က သဘောထား ထုတ်ပြန်ခဲ့သည်။

"ဆိုးဝါးသော သဘာဝဘေးအန္တရာယ် ဆက်လက်နှိပ်စက်နေသည့် အချိန်အခါမှာ မိမိတို့အနနဲ့ အားလုံးသော အငြင်းပွားမှုနှင့် နိုင်ငံရေးသဘောကွဲလွဲမှုကို ဘေးဖယ်ထားသင့်ပြီး စည်းလုံးညီညွတ်စွာနဲ့ အတူတကွ ဒုက္ခသည်များကို ကယ်ဆယ်ရန်နှင့် သဘာဝဘေးကို ကျော်လွှန်နိုင်ရန် လိုအပ်ပါသည်"ဟု ဩဂုတ်လ ၁၆ ရက်နေ့က ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးအမြဲကော်မတီက သဘောထား ထုတ်ပြန်ထားသည်။

ရေဘေးသင့်ပြည်သူများ ပြန်လည် ထူထောင်နိုင်ရန်အတွက် FPNCC မှ ရေဘေးကယ်ဆယ်ရေးအလှူငွေ ကျပ်သိန်းပေါင်းလေးထောင်ကျော် (၄၃၆,၆၈၁,၂၂၂ ကျပ်တိတိ)ကို ငြိမ်းချမ်းရေးကော်မရှင်ထံ ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

FPNCC အဖွဲ့သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့ဖြစ်သော ကချင်လွတ်လပ်ရေးအဖွဲ့(KIO)၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်(ULA)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)၊ မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရှမ်းပြည်နယ် အရှေ့ပိုင်းငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ(PSC)၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့ဖြင့် ဖွဲ့စည်းထားသည်။

Salai

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဩဂုတ် ၂၇ ၊ ၂၀၁၈ )

# လီဒိုလမ်းမကြီးနဲ့ ကချင်ပြည်နယ်ရဲ့ ပထဝီနိုင်ငံရေး

(ယခင်အပတ်မှ အဆက်)

(နန်ကျင်စီးပွားရေးဇုန်ရဲ့ အချက်အချာကျမှုများ)

- လီဒိုလမ်းမကြီးအပေါ် တရုတ်တွေ ဘာတွေပြင်ဆင်ထားပြီးပြီလဲ
- မြန်မာပြည်ထောင်စုအစိုးရရော ဒါ့အပြင် ကချင်ပြည်နယ်အစိုးရရော

ဒီမေးခွန်းတွေဟာ အရေးပါလာသလို ကချင်ပြည်နယ်သားအားလုံး သိထားဖို့လိုလာပြီမဟုတ်လား. . .

အမေရိကန်ဗိုလ်ချုပ် Stiwell ၁၉၄၂ ဒုတိယကမ္ဘာစစ်က ဖောက်လုပ်ခဲ့တဲ့ လီဒိုလမ်းမကြီးဟာ ၂၁ ရာစုရောက်အလာမှာတော့ ကချင်တို့လက်ထဲမှာ အရေးပါအဆုံး လမ်းမကြီးအဖြစ် ရောက်ရှိလို့နေပါတော့တယ်။ တရုတ်တွေရဲ့ ပြင်ဆင်ချက်အနေနဲ့ OBOR ကုန်းလမ်းအရှေ့တောင်အာရှရဲ့ ဆုံချက်အနေနဲ့ ယူနန်ပြည်နယ်ကို ရွေးချယ်အပြီးမှာ ပထမဆုံးပြင်ဆင်တာက လျှပ်စစ်စွမ်းအားပြည့်မီရေးအတွက်ပါ။

ဒီအတွက်က ရေစွမ်းအားအရင်းအမြစ်တွေကနေ ထုတ်ယူဖို့ လာအို၊ မြန်မာ ကမ္ဘောဒီးယားတို့ကို ရွေးချယ်ပါတယ်။ မြန်မာကဆိုရင် ကချင်ပြည်နယ်မြစ်ဆုံမြစ်ဝှမ်းနဲ့ ရှမ်းပြည်နယ်က သံလွင်မြစ်ကို ရွေးချယ်ပါတယ်။ ဒီထဲက ကချင်ပြည်နယ်နဲ့ ဆိုင်တဲ့အကြောင်းကို တင်ပြချင်တယ်။

လီဒိုလမ်းမကြီး တစ်လျှောက် စီးပွားရေးဆက်ကြောင်းကြီး တည်ဆောက်ဖို့အတွက် လျှပ်စစ်က မရှိမဖြစ်လိုတယ် မဟုတ်လား။

ဒီတော့ ၂၀၀၃ ကတည်းက မြန်မာစစ်အစိုးနဲ့ ပူးပေါင်းပြီး ဧရာဝတီမြစ်ဖျားမှာ ရေအားလျှပ်စစ်ထုတ်ဖို့ စတင်အားထုတ်လာခဲ့ပါတယ်။

MOU တွေ အဆင့်ဆင့်ရေးထိုးလာရင်း ၂၀၀၉ မှာ နအဖ ဒုဥက္ကဋ္ဌ ဦးမောင်အေးနဲ့ ယခု တရုတ်သမ္မတ ရှီချင့်ဖျင် (အဲဒီတုန်းကဒုသမ္မတ)တို့ မြစ်ဆုံအတွက် JVA ထိုးကြသလို ၂၀၁၀ ဇွန်မှာ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နဲ့မြန်မာဝန်ကြီးချုပ် ဦးသိန်းစိန်တို့ ချီဖွေငယ်ရေအားလျှပ်စစ်အတွက် JVA ထိုးခဲ့ကြတယ်။

ဒီလိုနဲ့ မြစ်ဆုံမြစ်ဝှမ်းစီမံကိန်းကြီး အသက်ဝင်လာကာ ရေကာတာ စုစုပေါင်း ၇ခု (မြစ်ဆုံတန်ဖဲ မေခမြစ်မှာ ၅ခု ချီဖွေ၊ ဝူဆောက်၊ ဖီဇော၊ ခေါင်လန်ဖူး၊ ရီနန်နဲ့ မလိခမြစ်မှာ လာဆာ) တည်ဆောက်ကြပါတယ်။

အဲဒီထဲကမှ မြစ်ဆုံတန်ဖဲ တစ်ခုထဲ ၂၀၁၁ မှာ သမ္မတအမိန့်နဲ့ ခေတ္တရပ်ဆိုင်းထားခဲ့ပြီး ကျန်တာတွေက တည်ဆောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

စက်တပ်ဆင်အားတွေကတော့ မြစ်ဆုံတန်ဖဲက ၆၀၀၀ မဂ္ဂါဝပ်ဖြစ်ပြီး ကျန်တာတွေက ၁၅၅၀၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ မြစ်ဆုံတန်ဖဲကိုချန်ရင်လျှပ်စစ်ဓါတ်အားက 80 billion KW/hr ဖြစ်တယ်။ ဒီတော့ တရုတ်တွေဟာ ရေကာတာ ၆ ခုကနေ လျှပ်စစ်ဓါတ်အား 80 billion KW/hr နဲ့ ယူနန်နယ်စက်မှုဇုန်တွေအတွက် ရည်ရွယ်တာပဲဖြစ်စေ၊ လီဒိုလမ်းမ စီးပွားရေးလုပ်ငန်းတွေအတွက် ရည်ရွယ်တာပဲဖြစ်စေ အဆင်သင့်ဖြစ်နေပြီဆိုတာ တွေ့နိုင်ပါတယ်။

မြန်မာက အခမဲ့ဓါတ်အား 8 billion.KW/ hr ရမှာ ဖြစ်ပြီး ကျန်တဲ့ 72 billionKW/hr နဲ့ တရုတ်တို့ စီးပွားရေးတည်ဆောက်တော့မှာဖြစ်တယ်။ ဒီတော့ မြန်မာလီဒိုလမ်းပိုင်းအတွက် လျှပ်စစ်ကရှိလာပြီဆိုတော့ တရုတ်တွေရဲ့ ပထမဆုံးခြေလှမ်းက လီဒိုလမ်းရဲ့မြန်မာလမ်းပိုင်း ၆၄၆ မိုင်အတွက် အလယ်ဗဟိုကျတဲ့ မြစ်ကြီးနားမှာ စီးပွားရေးဇုန်ကြီးတစ်ခု တည်ဆောက်ဖို့ ၂၀၁၈ မှာ ရွေးချယ်ခဲ့ပြီး ခြေလှမ်းကို ခပ်သွက်သွက် စလာခဲ့ပါတော့တယ်။

မြစ်ကြီးနားကို ပထမ စရွေးရတဲ့အကြောင်းရင်းဟာ မြစ်ဝှမ်း စီမံကိန်းက လျှပ်စစ်ကို မဟာဓာတ်အားလိုင်းနဲ့ သွယ်တန်းရင် အနီးဆုံးဖြစ်လို့ ကုန်ကျစရိတ် ချွေတာရာရောက်သလို အခြေခံ အဆောက်အအုံကောင်းပြီး ပြည်နယ်အစိုးရမြို့တော်ဖြစ်နေတာက အရေးပါတယ်မို့လား။ ဒါကြောင့် မြစ်ကြီးနားအနီးက ကျယ်ပြန့်တဲ့ လွင်ပြင်ရှိရာ လီဒိုလမ်းဟောင်းနဲ့ကပ်လျက် နန်ကျင်ဒေသကိုရွေးချယ်ပြီး ဧက ၄၇၀၀ မှာ ၁၅ နှစ် စီမံကိန်းစီးပွားရေးဇုန်ကြီးတစ်ခု စတင်အကောင်အထည် ဖော်ပါတော့တယ်။

တရုတ်တွေ အရွေးတော်တာကတော့ အဲဒီနန်ကျင်ဒေသက ဒေသခံကျေးရွာသားတွေ ပိုင်တဲ့မြေဧက အနည်းငယ်သာရှိပြီး ကျန်တာတွေက ကုမ္ပဏီကြီး ၄ ခုရဲ့ ပိုင်ဆိုင်ပြီး မြေတွေနဲ့ ပြည်ခိုင်ဖြိုး ပရဆေး ဥယျာဉ်စိုက်ခင်း ၆၇၅ ဧကဖြစ်နေတာပါ။ ဒါ့အပြင် ကုမ္ပဏီအချို့ကနေ မြေသာသိမ်းထားပြီး မလုပ်နိုင်တဲ့မြေပေါ်မှာ မူလသိမ်းဆည်းခံ ဒေသခံတောင်သူတွေ ဝင်စိုက်ထားတဲ့ မြေဧက ၃၁၅ ဧကနဲ့ ကချင်တောင်သူ ၂၁ ဦးဖြေရှင်းရမှာ သိပ်မများဘဲ ရှိနေတာဖြစ်ပါတယ်။




ကချင်ပြည်နယ်အစိုးရကရော

ကချင်တွေအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့လိုလာပြီဖြစ်တယ်။ သမိုင်းကပေးခဲ့တဲ့ ပထဝီနေရာကို ကချင်ပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်မလဲ။

ကချင်တွေအတွက် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေပေးထားချက်တွေရှိပြီးသားပါ။

အဲဒါတွေက

၁။ Centralization နဲ့ ဗဟိုချုပ်ကိုင်မှုလွန်ကဲတဲ့ နိုင်ငံရေးစနစ်အောက်မှာ ရှိနေဆဲ။

၂။ စစ်အစိုးရက သဘောတူလက်မှတ်ထိုးခဲ့တဲ့ မေခနဲ့ မလိခမြစ်ကြောင်းက ရေကာတာ ၈ ခုကထုတ်မယ့် လျှပ်စစ်။

၃။ NLD အစိုးရနဲ့ တရုတ်တွေ သဘောတူလက်မှတ်ထိုးခဲ့တဲ့ 6th OBOR coridor ဖြစ်တဲ့ BICM (Bangladesh. India. China. Myanmar) လမ်းကြောင်းပင်မ လီဒိုရှိနေခြင်း။

၄။ ကချင်ပြည်နယ်ရဲ့စီးပွားရေးသယံဇာတအပေါ် မှီခိုလွန်းခြင်း။

၅။ ၂၀၁၁ ကစခဲ့တဲ့ တစ်ကျော့ပြန် ကချင်စစ်ပွဲကြောင့် IDP များအလွန်အမင်းများပြားလာပြီး ကချင်တို့ရဲ့ဇာစ်မြစ်ပျောက်ဆုံးလာနေခြင်း။


၆။ ကချင်တွေရဲ့ နည်းပါးလှတဲ့ မိရိုးဖလာ စီးပွားရေးလုပ်ငန်းများဖြစ်တဲ့ တောင်ယာဥယျာဉ်ခြံစိုက်ပျိုးရေး၊ ဂျပ်ခုတ်လုပ်ငန်း စတာတွေဟာ ခေတ်မမှီတော့ဘဲ တဖြည်းဖြည်းလျော့နည်း ပျောက်ဆုံးလာနေခြင်း။

ဒီလို ပေးထားချက်တွေကနေ ကချင်တွေဟာ ပြန်လည်ရုန်းကန်ရမှာဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ကိုစောင့်မလား။ လက်ရှိ ဖြတ်သန်းနေဆဲအရွေ့မှာ ပိုမိုကောင်းမွန်အောင် လိုက်ပါဆောင်ရွက်မလား။ ဒီ ၂ ချက်ကိုအခြေခံပြီး ရှင်သန်ခြင်းအဓိပ္ပါယ်ကို ရှာဖွေရမှာဖြစ်တယ်။

လက်ရှိ အခြေအနေအရ သယံဇာတစီးပွားရေးဟာ ကျဆုံးလုပြီမို့ မိရိုးဖလာအခြားစီးပွားရေးတွေကနေ ပိုမိုတိုးတက်ကောင်းမွန်တဲ့ ကုန်ထုတ်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးတွေမှာ ပြောင်းလဲပါဝင်ရတော့မှာ အနေ့နဲ့အမြန်ပဲ ဖြစ်ပါတယ်။ ဒါဟာ ကချင်တွေအတွက် သဘာဝက ပေးထားတဲ့ အချက်အချာကျလှတဲ့ ပထဝီနိုင်ငံရေးကနေ ပစ္စုပ္ပန်အရှိတရားကို လက်ခံဆောင်ရွက်မှ ပိုမိုကောင်းမွန်တဲ့အခြေအနေကို ဖန်တီးနိုင်မယ်လို့ ယူဆပါတယ်။ တရုတ်တွေ ပထမဆုံး တည်ဆောက်လိုတဲ့ နန်ကျင်စီးပွားရေးဇုန်ကို စဉ်းစားကြည့်ရအောင်။ မြန်မာဘက်က မြေယာအရှုပ်အရှင်းတာဝန်ယူမယ်၊ အများပိုင်ကုမ္ပဏီထောင်မယ်၊ တရုတ်နဲ့ JVC လုပ်မယ်၊ တရုတ်ဘက်က EIAလုပ်မယ်၊ Infrastructure ဆောက်မယ် နည်းပညာမြင့်ထုတ်ကုန်ထုတ်မယ်။ ဧက ၄၇၀၀ ၁၅ နှစ်အကောင်အထည်ဖော်မယ့် စီမံကိန်းမှာ ဒေါ်လာသန်း ၃၀၀ လောက်ရင်းနှီးမြှုပ်နှံမယ်။ အစုရှယ်ယာခွဲဝေမှု မပြတ်သေးတဲ့ လီဒိုလမ်းမကြီးရဲ့ မြန်မာပြည်လမ်းပိုင်း၆၄၆ မိုင်မှာ အလယ်ဗဟိုကျတဲ့ဒေသ မြစ်ကြီးနားလွင်ပြင်မှာ ပထမဆုံးစဆောက်မယ့် စီမံကိန်းမှာ “တရုတ်ပြည်က စက်ရုံအလုပ်ရုံအချို့ ရွှေ့လာမယ်။ ကုန်ပစ္စည်း အမျိုးမျိုးထုတ်မယ်။ ပြီးရင် ယူနန်ကူမင်းကိုဗဟိုထားပြီး အရှေ့တောင်အာရှ ကုန်းတွင်းပိုင်း လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်အထိ ဈေးကွက်ချဲ့မယ်။ အိန္ဒိယကိုလည်းဖြန့်မယ်။ ဒီစီမံကိန်းသာ နောင် ၁၀ နှစ်အတွင်း အောင်မြင်ရင် ကချင်ပြည်နယ်ကြီးဟာလည်း မြစ်ကြီးနားကိုဗဟိုပြုပြီး ဒေသကြီး ၅ ခု (ပူတာအို၊ မိုးကောင်း၊ မိုးညှင်းလွင်ပြင်ဒေသတွေ၊ တနိုင်း၊ ဟူးကောင်းလွင်ပြင်) လက်တံ ၅ ခု ဖြာထွက်ပြီး ဆင့်ကဲစီးပွားရေး ဆောင်ရွက်ချက်တွေ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ ကချင်တွေဟာ ကောင်းမွန်တဲ့ သဘောတူစာချုပ်တွေရရှိအောင် NLD အစိုးရနဲ့ နိုင်ငံရေးစင်မြင့်ကနေ ဆောင်ရွက်ရမှာဖြစ်တယ်။ ကချင်နိုင်ငံရေးအစုအဖွဲ့ NLD အစိုးရ တရုတ်ကုမ္ပဏီဆိုပြီး ၃ ပွင့်ဆိုင်ဆွေးနွေးမှုအနေအထားကိုဖြတ်သန်းဖို့ လိုအပ်နေပါတယ်။




န္ဒိယ လီဒို ကစလိုက်တာ ကချင်ပြည်နယ် တနိုင်း ဟူးကောင်း ကိုဖြတ် စ်ကြီးနား ဗန်းမော်ကတစ်ဆင့် တရုတ် ဝမ်တိန် ကူမင်း နဲ့ အတွင်းပိုင်း မြို့ န်ကျင်းအထိ , ဒါ့အပြင် ဗီယက်နမ် ဟနွိုင်အထိ ချိတ်ဆက်လမ်းကြောင်း



၁။ ။ စီမံကိန်းများ၏အကျဉ်းချုပ်အချက်

၃။ ။ ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ

◆ စီမံကိန်းများအားကချင်ပြည်နယ်မြစ်ကြီးနားမြို့အထက်ပိုင်းမြစ်ဝှမ်းတွင် တည်ဆောက်မည်ဖြစ်ပါသည်။ ရေအားလျှပ်စစ်စက်ရုံ(၇)ခုတည်ဆောက်ရန်လျာထား၍ စုစုပေါင်းစက်တပ်ဆင်မှုပမာဏမှာ ၂၁၅၀၀MW ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုပမာဏမှာ ဘီလီယံ ၁၁၀ kW·h ရှိသည်။

| မြစ်ရောင်းအမည် | စီမံကိန်းအမည် | စက်တပ်ဆင်မှုပမာဏ(MW) | လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုပမာဏ (100 million kW·h) |
|---|---|---|---|
| မေခမြစ် | ရီနန် | 1, 400 | 73. 3 |
| | ခေါင်လံဖူး | 3, 000 | 160. 8 |
| | ဖီဇော | 2, 400 | 128. 7 |
| | ဝူဆောက် | 2, 500 | 134. 1 |
| | ချီဖွေ | 3, 400 | 177. 7 |
| ဧရာဝတီမြစ် | မြစ်ဆုံ | 6, 000 | 308. 6 |
| မလိခမြစ် | လာဆာ | 2, 800 | 147. 2 |
| စုစုပေါင်း | | 21, 500 | 1, 130. 4 |

ကျွန်တော်တို့ဟာ တရုတ်ကို ဗဟိုပြုရင်းနှီးမြှုပ်နှံမှု ပြဿနာတွေကို စဉ်းစားခြင်းထက် တရုတ်မှမဟုတ် စင်္ကာပူ၊ ဂျပန်နှင့် အမေရိကား မည်သည့်ရင်းနှီးမြှုပ်နှံမှုမဆို ကိန်းရှင်စဉ်းစားပြီး အဓိကကျသော မိမိတို့အချင်းချင်း (ကချင်နှင့် ပြည်မအစိုးရ) သဘောတူညီနိုင်းမှုတွေကို ကိန်းသေထား ဖြေရှင်းမှသာ အောင်မြင်မယ်လို့ အကြံပြုချင်ပါတယ်။ ။

M Kawn La

**တုတ်ထိုး** - ဩော်. . ဘဝ ဘဝ။ ကျတာဆိုလို့စိတ်ဓာတ်ပဲ ရှိတော့တယ်။ အကုန်တက် နေတော့တာပဲ။
**အိုးပေါက်** - ဘာတွေ တက် နေတာတုန်းဗျာ။

**တုတ်ထိုး** - ကြည့်လေဗျာ။ ဒေါ်လာဈေးတက်တော့ ဆီဈေးက လိုက်တက်တယ်။ ဟော--- ဒေါ်လာဈေးကျရင် ဆီဈေးဟာ လိုက်မကျတတ်ဘူးရယ်။ ရွှေဈေးလည်း ဘာထူးလည်း တက်တုန်းက မြန်မြန်တက်သလို ကျတော့ မြန်မြန်မကျဘူး။
**အိုးပေါက်** - ကျုပ်တို့ကတော့ ဒေါ်လာမပြောနဲ့။ တစ်သောင်းတန်တောင် လက်ပူအောင် မကိုင်နိုင်ပါဘူးဗျာ။ ဒါပေမဲ့ မောင်မင်းကြီးသား ဒေါ်လာဈေးတက်တော့ ဒေါ်လာနဲ့မဆိုင်တဲ့ တခြားပစ္စည်းတွေကလည်း ဈေးလိုက်တက်နေကြတာ ခက်တယ်။

**တုတ်ထိုး** - ဒေါ်လာဈေးတွေ တက်တယ်။ နိုင်ငံခြားငွေလဲနှုန်းတွေလည်း မတည်ငြိမ်ဘူးဗျ။ ဒီကြားထဲ ဒေါ်လာဈေး တက်တာကို အခွင့်ကောင်းယူပြီး ကုန်ဈေးနှုန်းတွေ ကြီးမြင့်အောင် ကြိုးစားနေကြတာတွေလည်းရှိတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။
အိုးပေါက် - ဒေါ်လာဈေး ဆက်ပြီး မြင့်တက်နေတာနဲ့ ပတ်သက်ပြီး နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဘဏ်လုပ်ငန်းရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေကြသတဲ့ဗျ။

တုတ်ထိုး - ဒေါ်လာဈေးကတက်။ ဒီကြားထဲမြစ်ရေချောင်းရေကတက်။ တကယ့်'တက်' ခေတ်ကြီးပါဗျာ။
အိုးပေါက် - ဒါနဲ့ အခုတလောရုပ်ရှင်ဗီဒီယိုအဆိုတော်လောကကလူတချို့ မူးယစ်ဆေးဝါးမှုနဲ့ အဖမ်းခံနေကြရတယ်နော်။

**တုတ်ထိုး** - ဟုတ်ပ့ါဗျာ။
**အိုးပေါက်** - ဒါရိုက်တာ မိုက်တီးတောင် WY စိတ်ကြွမူးယစ်ဆေးဝါးတွေနဲ့အတူ ဖမ်းမိသတဲ့ဗျ။

**တုတ်ထိုး** - အင်း။ ထောင်ထဲမှာ ရုပ်ရှင်တောင် ရိုက်လို့ရပြီ။ အဟိ။
**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - ဒါရိုက်တာတွေလည်း ရှိပြီ။ အဆိုတော်လည်း ရှိပြီ။ မင်းသားလည်း ရှိပြီ။ ဟိုတစ်ယောက်လေ၊ သီဟတင်စိုးကို အမှုဆင်ပြီး လီဆယ်ခဲ့တဲ့ ခင်မာမြင့်လည်း ထောင်ထဲမှာ ရှိပြီ။ ဟဲ ဟဲ ဟဲ။

**အိုးပေါက်** - အကောင်းမှတ်လို့ နားထောင်နေတာ။ ပေါက်တတ်ကရ ပြောတော့မယ်။

**တုတ်ထိုး** - ဟဲ ဟဲ ဟဲ။ ဒါနဲ့ ဒါရိုက်တာမိုက်တီးက ဘယ်လိုဖမ်းမိတာတုန်း။
**အိုးပေါက်** - စိတ်ကြွဆေးပြား ၂၆ ပြားနဲ့ ဖမ်းမိတာတဲ့ဗျ။

**တုတ်ထိုး** - ကွန်တိန်နာတွေနဲ့ အစီးလိုက်မိတဲ့ မူးယစ်ဆေးဝါးပိုင်ရှင်တွေကျ မမိကြဘူးနော်။
**အိုးပေါက်** - ကိုင်းဖျား ကိုင်းနားပဲ မိနေတာပါဗျာ။

**တုတ်ထိုး** - စီမံချက်တွေနဲ့တော့ ဖမ်းဆီးနေကြတာပါပဲ။
**အိုးပေါက်** - အဲဒီစီမံချက်တွေပေ့ါ။ စီမံချက်ရှိပြီ၊ စီမံချက်ချပြီဆိုရင် မိတော့ မိကြပါရဲ့။ ကိုင်းဖျားကိုင်းနားပဲ မိနေကြတာပါပဲ။ လောင်းကစားတွေဘက်လည်း ကြည့်။ ဒိုင်ချုပ်ကို မိကြတာ ရှားသဗျ။ ကော်မရှင်လေးတွေလောက်ပဲ မိကြတာ များပါတယ်။ ငါးမန်းလောင်းကစားတွေ ရှိတယ်။ ငါးမန်းဒိုင်ကြီးတွေ ဖမ်းလိုက်ပါပြီဆိုပြီး။ သတင်းအကြီးကြီးတွေ ဖတ်ဖူးလို့လား။

**တုတ်ထိုး** - ငါးမန်းဒိုင်ကြီးတွေရဲ့နောက်ကွယ်မှာ ဘယ်သူတွေ ရှိနေမလဲ။
**အိုးပေါက်** - ဘယ်သိမှာတုန်း။ သိတဲ့သူတွေပဲ သိကြမှာပေ့ါ။

**တုတ်ထိုး** - ဘာပဲပြောပြော၊ မူးယစ်ဆေးဝါးတွေ ပေါများနေတာ။ လောင်းကစားတွေ ပေါများနေတာ၊ ခိုးဆိုးလုနှိုက်တွေ ပေါများနေတာဟာ တိုင်းပြည်ပျက်စီးခြင်း အကြောင်းအရင်းတွေပါပဲ။
**အိုးပေါက်** - လဲရာဆင်နင်း၊ မွဲရာသူခိုးထောင်း ဆိုသလို ဆင်းရဲတွင်းထဲက တိုင်းပြည်မှာ တရားဥပဒေက စိုးမိုးမှု မရှိနိုင်သေး။ ငြိမ်းချမ်းရေးကလည်း အလှမ်းဝေး၊ ခက်ပါတယ်ဗျာ၊ ခက်ပါတယ်။

**တုတ်ထိုး** - ဒါနဲ့ အဲဒါတွေ အသာထားစမ်းပါဦးဗျာ။ အွန်လိုင်းပေါ်မှာ ပျံ့နှံ့နေတာ တစ်ခုရှိတယ်။ ဘာတဲ့။ "မကွေးတိုင်း မြို့နယ်အသီးသီး၌ Facebook များ၌လည်းကောင်း၊ အခြားအင်တာနက်စာမျက်နှာများ၌လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စု အစိုးရအဖွဲ့၊ တိုင်းအစိုးရအဖွဲ့တို့ကို အကြည်ညိုပျက်အောင် ရေးသားမှုရှိသူများကို ဥပဒေပညာရှင်များနှင့် ညှိနှိုင်းရန် တရားစွဲရန်ဖြစ်ပါသည်"ဆိုပြီး မကွေးတိုင်း NLD အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဦးသိန်းဇော်ရဲ့လက်မှတ်နဲ့ သတင်းတွေ ပျံ့နေတာပဲဗျ။
**အိုးပေါက်** - NLD ရဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်ပြောထားတာတော့ ရှိတယ်။ "ကျွန်တော်တို့ ဗဟိုက လုံးဝညွှန်ကြားထားတာ မရှိပါဘူးခင်ဗျာ"တဲ့။

**တုတ်ထိုး** - ဒါဆို ဒီသတင်း ဘယ်က ထွက်လာသလဲ။
**အိုးပေါက်** - အဖျက်သဘောနဲ့ တိုက်ခိုက်နေကြတဲ့သူ တချို့ ရှိချင်ရှိမှာပေ့ါ။

**တုတ်ထိုး** - တချို့တွေက facebook တွေပေါ်မှာ Post တွေ တင်ကြတယ်။ status တွေ ရေးကြတယ်။ တစ်ခါတစ်ခါတော့ အမုန်းတရားတွေ တင်မိတတ်ကြတယ်။ အဲဒီ အမုန်းတရားဟာ ပျံ့နှံ့လွယ်တယ်။
**အိုးပေါက်** - အမုန်းတရားဆိုတာ ကြောက်စရာကောင်းတယ်။

**တုတ်ထိုး** - ဟို ဘူးလက်လှဆွေကြီးတောင် အမုန်းတရားတွေရပ် ဘာညာနဲ့ Debate တွေ လုပ်နေတာ တွေ့နေရတယ်။
**အိုးပေါက်** - ဘယ်လို ဘယ်လို။ သူလည်း ပြောင်းလဲချိန်တန်သွားပြီဆိုတာ သိသွားပြီလား။

**တုတ်ထိုး** - အဲဒါတော့ မသိဘူး။ ဒါပေမဲ့ ရန်လိုစကားတွေ ပြောနေကြမယ့်အစား ဒီလို အမုန်းစကားတွေရပ်ဖို့ လိုလားတယ်ဆိုတာ ကောင်းတဲ့လက္ခဏာပါပဲ။
**အိုးပေါက်** - ရွှေပြည်အေး တရားတွေ လာဟောနေပ့ါလား။

**တုတ်ထိုး** - ဟုတ်တယ်လေဗျာ။ လူ့အဖွဲ့အစည်းအတွင်းမှာ အမုန်းတရားတွေ ကင်းလေ ငြိမ်းချမ်းလေ မဟုတ်လား။
အိုးပေါက် - ခင်ဗျားလည်း တော်လာပြီပဲ။ အရင်လို ဒုံးမဝေးတော့ဘူး။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ခင်ဗျားကလေ စကားအတည်ပြောရင်ဖောက်ဖောက်လာတယ်။ ခင်ဗျားကိုယ်ခင်ဗျားလည်း သတိထား။
**အိုးပေါက်** - ကျုပ်က ဘာသတိထားရမှာတုန်း။

**တုတ်ထိုး** - လက်ကိုင်ဖုန်းထဲမှာ ညစ်ညမ်းကားတွေတွေ့ရင် ထောင်ဒဏ် (၆)လ ချမှတ်နိုင်တယ်တဲ့ဗျ။
**အိုးပေါက်** - ဗျာ။ ဘုရား ဘုရား။

**တုတ်ထိုး** - အဲ့ဒီကားတွေ ကြည့်ပြီးတဲ့နောက် မလိုလားအပ်တဲ့အမှုတွေ ဖြစ်ကြသတဲ့ဗျ။ သက်ငယ်မုဒိမ်းမှုတွေ ဖြစ်သတဲ့ဗျ။
**အိုးပေါက်** - သက်ငယ်မုဒိမ်းမှုတွေကလည်း မြင့်တက်လာနေတယ်ဗျ။ ကိုယ့်ဆွေမျိုး သားသမီးတွေအတွက်လည်းစိတ်ပူရတယ်။

**တုတ်ထိုး** - ဘယ်သူတွေက ဖမ်းမှာတုန်း။
**အိုးပေါက်** - ရဲတွေက ဖမ်းမှာပေ့ါ။

**တုတ်ထိုး** - ဦးဦးရဲတွေကိုလည်း ပြောပေးပါဗျာ။ ဦးဦးရဲတွေရဲ့ဖုန်းတွေကို ဘယ်သူတွေက စစ်ခွင့်ရှိသလဲဟင်လို့။
**အိုးပေါက်** - ခင်ဗျားက ဘာလို့ စစ်ချင်ရတာတုန်း။

**တုတ်ထိုး** - အဟီး၊ ရဲတွေရဲ့ဖုန်းဆိုတော့လည်း တရားဥပဒေစိုးမိုးမှုတွေ ရှိမှာပေ့ါလို့။ အဲ့ဒါလေး သိချင်လို့ပါ။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ဟွန်း၊ ရာဇဝတ်အိုးတုတ်နဲ့တော့ ထိုးနေပြီ။ ဝေးဝေးနေမှ။ ကိုယ့်ဖုန်းထဲက ဘာညာညာတွေကိုလည်း ကွန်ပျူတာထဲ ပြောင်းထည့်ထားဦးမှ။

**တုတ်ထိုး** - ဟင်။
**အိုးပေါက်** - အဟဲ၊ စာမူတွေ ပြောင်းထည့်ထားဖို့ ပြောတာပါဗျာ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ကျုပ်တို့မြို့မှာ ညစ်ညမ်းကားတွေ ပေါတယ်။

**တုတ်ထိုး** - ရဲခေါ်ပြီး အကြောင်းကြားလိုက်တော့။
**အိုးပေါက်** - ရဲက ညစ်ညမ်းကားတွေကို ရေဆေးပေးမလို့လား။

**တုတ်ထိုး** - ကျုပ် နားမလည်ဘူး။
**အိုးပေါက်** - ကျုပ်ပြောတဲ့ ညစ်ညမ်းကားဆိုတာ ရွှံ့တွေ၊ ဗွက်တွေနဲ့ ညစ်ညမ်းနေတဲ့ ကားတွေကိုပြောတာဗျ။ ရဲတွေတောင် ညစ်ညမ်းကားရှိချင်ရှိနေမှာ။

**တုတ်ထိုး** - ဟေ့လူ၊ စကားကို ဆင်ခြင်ပြော။
**အိုးပေါက်** - ရွှံ့တွေ၊ ဗွက်တွေနဲ့ ညစ်ညမ်းနေတဲ့ ကားတွေ ပြောတာလေ။ ကျုပ်တို့မြစ်ကြီးနားမှာ မိုးရွာရင် လမ်းတွေက ဗွက်တွေ ရှိတတ်တယ် မဟုတ်လား။

**တုတ်ထိုး** - အလျှောက်ကောင်းလို့ အထောင်းသက်သာတယ်မှတ်ပါ။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ကဲပါဗျာ။ စကားအတည်ပြောမယ်။
**အိုးပေါက်** - ပြော ပြော။ ပြောပါဗျာ။

**တုတ်ထိုး** - နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်ာပူသွားတယ်။ မိန့်ခွန်းပြောတယ်။
**အိုးပေါက်** - ၂၀၁၆ ခုနှစ်တုန်းကလည်း စက်ာပူသွားတာပဲ။ အဲ့ဒီတုန်းက စကားတွေလည်း မမေ့သေးပါဘူး။

**တုတ်ထိုး** - အဲ့ဒီတုန်းက ဘာတွေပြောခဲ့လဲ။ အကျဉ်းလေး ပြန်ပြောပြပါလား။
**အိုးပေါက်** - စေတနာ၊ ပညာ၊ သတ္တိနည်းနေလို့ ငြိမ်းချမ်းရေးကိုမယူချင်ဘူးဖြစ်နေတာလားတဲ့။

**တုတ်ထိုး** - အခုလည်း အဲ့ဒီစကားနဲ့ ပြန်မေးလို့ ရတယ်နော်။ စေတနာ၊ ပညာ၊ သတ္တိနည်းနေလို့ ငြိမ်းချမ်းရေးကို မယူချင်ဘူး ဖြစ်နေကြသလား ပုဂ္ဂိုလ်အပေါင်းတို့။
**အိုးပေါက်** - နှစ် ၂၀ အတွင်း စက်ာပူကို မှီရမယ်လို့ ပြောခဲ့ခြင်းမဟုတ်၊ ကျော်ရမယ်လို့ ပြောခဲ့တယ်။

**တုတ်ထိုး** - ကျော်လွန်းမကတက်နေပါပြီ။ ရေတွေ။
**အိုးပေါက်** - ရဲတပ်ဖွဲ့ကို အဆင့်မီအောင် လုပ်နေသတဲ့။ ဘေးဆိုင်းတွေ တီးနေတာ သိရင်ကိုယ့်ဆိုင်းကိုယ်ပြန်တီးပါ။ နားမယောင်ပါနဲ့။ ဘယ်အစိုးရမှ အမှားမရှိဘူးဆိုတာ မရှိတဲ့။ ရွေးတဲ့သူတွေက မျှော်လင့်တာထက် တော်သလို၊ မျှော်လင့်သလို မဟုတ်တာလည်း တွေ့ရတယ်။ လူမှန်၊ နေရာမှန်ရဖို့ အဂတိမလိုက်စားဖို့၊ ကျွန်မတို့အစိုးရခေတ်မှာ ကြောက်

စာ - ၁၄ သို့ »



# ပြည်သူများ စောင့်မျှော်နေတဲ့ငြိမ်းချမ်းရေး

မြတ်သွေးထက် ရေးသားသည်

ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အေ)ကို ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားနေတဲ့ ကွတ်ခိုင်ဇာတိသား ဇော်တူး၊ ဇော်ဆိုင်း ညီအစ်ကိုနှစ်ဦးက (၁၉၆၁)ခုနှစ်မှာ စတင်ဖွဲ့စည်းပြီး အစိုးရကို လက်နက်ကိုင်တော်လှန်လာခဲ့တာယနေ့ဆိုရင် နှစ်ပေါင်း(၆၀)နီးပါး ကြာညောင်းခဲ့ပါပြီ။ ဒါပေမဲ့လည်း ယနေ့အချိန်ထိ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အေ)အနေနဲ့ မိမိတို့ဘက်ကနေ ဖက်ဒရယ်ဥပဒေနဲ့ ကိုက်ညီတဲ့ တောင်းဆိုချက်တွေကို အစိုးရဆီမှာ တင်ပြတောင်းဆိုနိုင်တာမျိုး မရှိသေးသလို အစိုးရဘက်ကလည်း အမြစ်ပြတ်တိုက်ခိုက်နိုင်တာမျိုးကို မလုပ်ဆောင်နိုင်ဘူးလို့ပဲဆိုရမှာပါ။ ဆိုလိုတာက နှစ်ဘက်တပ်တွေတစ်ဘက်ကတစ်ဘက်ကို အောင်မြင်အောင်တိုက်ခိုက်ပြီးတိုင်းပြည်တိုးတက်အောင် မထူထောင်နိုင်ကြဘဲ ယနေ့တိုင်အောင် အသက်ပေါင်း မြောက်မြားစွာကို စတေးပြီး ဦးလည်မသုန်ဖြစ်နေကြတဲ့ကိစ္စကို ပြောချင်တာပါ။

အခုဆိုရင် မြန်မာပြည်ရဲ့ အရှေ့ပိုင်းနဲ့အရှေ့တောင်ပိုင်း တောင်တန်းဒေသတွေမှာ လက်နက်စွဲကိုင် တော်လှန်ခဲ့ကြတဲ့ တောင်တန်းသား လက်နက်ကိုင်အဖွဲ့တွေဟာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး မိမိတို့ တောင်တန်းသားတွေဘက်က ဖက်ဒရယ်ဥပဒေနဲ့ကိုက်ညီပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးနေကြပါပြီ။ ဒါပေမဲ့လည်း မြန်မာပြည် အရှေ့မြောက်ဒေသက ကျန်ရှိနေသေးတဲ့ လက်နက်ကိုင်(၇)ဖွဲ့ရဲ့ အခြေအနေကတော့ဖြင့် ယနေ့အချိန်ထိ အဖြူအမည်း မသဲကွဲသေးပါဘူး။ တစ်ဘက်က တစ်ဘက်ကို အပြုတ်တိုက်ရေးလမ်းစဉ် မကျင့်သုံးနိုင်သ၍တော့ စားပွဲဝိုင်းပေါ်မှာ အဖြေရှာတာလောက်ကောင်းတဲ့အနေအထား မရှိဘူးလို့ ထင်ပါတယ်။ ဒီလိုမလုပ်နိုင်ကြရင်တော့ အစိုးရဘက်ကလည်း နိုင်အောင်မတိုက်နိုင်သလို တောင်တန်းသားလက်ကိုင်တွေ အနေနဲ့ကလည်း တောတွင်းမှာပဲ ကမ္ဘာတည်သ၍ နိဂုံးချုပ်ရဖို့ပဲရှိတော့တယ်ဆိုတာ သတိရှိစေချင်ပါတယ်။ စစ်ဒေသနယ်မြေတွေမှာ လူဖြစ်လာတဲ့သူတွေ အဖို့ကလည်း ပညာရေးလည်း စောင့်ရှောက်မှုမရ၊ ကျန်းမာရေးလည်း ပြုစုမှုမရ၊ ကမ္ဘာ့အဆင့်မီဖို့ဝေးစွ အနိမ့်နိမ့်အကျကျ၊ ပြေးကြောက်ရ ဘီလူးကြောက်ရနဲ့ပဲ ဘဝကို ဆင်းဆင်းရဲရဲ အဆုံးသတ်ကြရုံပဲ ရှိပါတော့တယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်လိုက်မယ်ဆိုရင် ကုန်းဘောင်မင်းဆက်ကို တည်ထောင်သူ အလောင်းဘုရားဦးအောင်ဇေယျ နောက်ရာစုနှစ်သုံးခုအကြာမှာ ပေါ်ပေါက်လာတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီနောက်ရာစုနှစ်တစ်ခုအကြာမှ ထပ်မံပေါ်ပေါက်လာတဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။ ထက်မြက်တည်ကြည် ကတိသစ္စာရှိပြီး တိုင်းပြည်အပေါ် အမှန်တကယ် စေတနာထားတဲ့ ဒီလိုခေါင်းဆောင်မျိုးတွေ ပေါ်ပေါက်လာဖို့ဆိုတာ ရာစုနှစ်တစ်စုမှာ တစ်ယောက်ပေါ်ပေါက်လာဖို့ဆိုတာ မသေချာဘူးလို့ဘဲ ဆိုရမှာပါ။ ဒါကြောင့် မိမိလူမျိုးနဲ့ တိုင်းပြည်အကျိုးကိုအမှန်တကယ်လိုလားတယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် စွမ်းဆောင်နိုင်ချိန်မှာ အမိအရ လုပ်ကိုင်နိုင်ကြဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်။ သက်တမ်းအတိုင်း နေရမယ်ဆိုရင်တောင် အချိန်သိပ်မရှိတော့ပါဘူး။ နောက်ပြီး အခုလက်ရှိအခြေအနေအရ မြန်မာပြည်မှာ အစိုးရနှစ်ရပ်လိုဖြစ်နေတယ်ဆိုတာကိုလည်း သဘောပေါက် စေချင်ပါတယ်။ ဒါကြောင့် တပ်ကိစ္စအချင်းချင်းဖြစ်တဲ့ အပစ်ရပ်ကလည်း အပစ်ရပ်သတ်သတ် ပြင်ဆင်ထားပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း ဖက်ဒရယ်ဥပဒေက ဖက်ဒရယ်ဥပဒေ အထပ်ထပ် ဆွေးနွေးညှိနှိုင်းသင့်တယ် ထင်ပါတယ်။

ဒါတွေကို ပြောနေရတာလည်းတခြားကြောင့်မဟုတ်ပါဘူး။ ရှစ်လေးလုံး နှစ်ပတ်လည်နေ့က မြန်မာပြည်မြောက်ပိုင်း သျှမ်းမျိုးနွယ်စုများဥက္ကဋ္ဌ ဦးစိုင်းစန်းဝေနဲ့အတူ ရောက်ဖြစ်ခဲ့တဲ့ ပထမမြစ်ကျဉ်းနားမှာရှိတဲ့ ဆင်ဘိုမြို့လေးက စစ်ရဲ့ ပဋိပက္ခ အခြေအနေတွေကို ပြောပြချင်လို့ပါ။ ဒီမြို့လေးကို အရင်ခေတ်ကဆိုရင် စီစီဘီလို့ခေါ်တဲ့ ဦးပြားသင်္ဘောကြီးနဲ့ တစ်ညအိပ်နှစ်ရက်ခရီး မြစ်ကြီးနားကနေ စုန်ဆင်းမောင်းနှင်ရပါတယ်။ ဒီလိုရေကြောင်းလမ်းခရီး တစ်မျိုးတည်း ရှိနေတာမို့ ဆင်ဘိုမြို့လေးနဲ့အတူ ဒီမြို့နယ်ထဲမှာရှိတဲ့ ကျေးရွာလေးတွေဟာဆိုရင် ခေတ်အဆက်ဆက် အင်မတန်မှကို ခေတ်နောက်ကျ ကျန်နေပါတယ်။ ဒါပေမဲ့လည်း မြစ်ကြီးနားမြို့ကနေ ကုန်းကြောင်းခရီးသွားလာနိုင်မယ်ဆိုရင် မော်တော်ဆိုင်ကယ်နဲ့ နေ့ချင်းပြန်ခရီးသွားလာနိုင်တဲ့မြို့လေးပါ။ ကချင်ပြည်နယ်ထဲမှာ ဆိုရင် ဒီလိုအလားတူ မတိုးတက်တဲ့ ရွာငယ်လေးတွေ ဒုနဲ့ဒေး ရှိနေပါတယ်။ နောက်ပြီး ဒီ မြစ်ရိုးတစ်လျှောက်က ရှမ်းနီလူမျိုးတွေပဲ အများဆုံးနေထိုင်ကြတယ် ဆိုပေမယ်လို့ ထုံးစံအတိုင်းကချင်ပြည်နယ်ထဲက ရှမ်းနီရွာမှန်သမျှ ကချင်လူမျိုးတွေလည်း ရောနှောနေထိုင်လေ့ရှိတာ သဘာဝပါ။






အခုဆိုရင် ဆင်ဘိုမြို့နဲ့ ဟိုကပ်ရွာကြား ပါဖာရွာက မိုးကောင်းချောင်းကူးတံတားကြီးကို မိုင်းခွဲဖျက်ဆီးတာ ခံထားရပါတယ်။ ဒါကြောင့် ဆင်ဘိုမြို့နယ်ထဲမှာနေထိုင်ကြတဲ့ ရှမ်းနီ၊ ကချင်နဲ့ ဒေသခံပြည်သူအားလုံး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသဖြင့် ချို့ချို့တဲ့တဲ့ နေထိုင်နေကြရပါတယ်။ အစိုးရနှစ်ရပ်ရှိသလိုဖြစ်နေတဲ့ မြန်မာနိုင်ငံမှာ တပ်မတော်နဲ့ သဘောထားချင်း မတိုက်ဆိုင်လို့ လက်နက်စွဲကိုင် တော်လှန်နေကြတဲ့ ကချင်ပြည်နယ်ထဲက လက်နက်ကိုင်တွေ အနေနဲ့လည်း ဒီလို မိမိတို့ ပြည်နယ်ထဲမှာ တည်ဆောက်ထားပြီးဖြစ်တဲ့ လမ်း၊ တံတားစတာတွေကို ဖောက်ခွဲဖျက်ဆီးပစ်တာမျိုးကို မလုပ်သင့်ဘူးလို့မြင်ပါတယ်။ ဆင်းရဲတဲ့ တိုင်းပြည်ဖြစ်နေတာကြောင့် တစ်ခုပျက်စီးဆုံးရှုံးသွားရင် နောက်ထပ်အသစ်တစ်ခု အစားထိုးဖို့ဆိုတာ အင်မတန်မှ ခက်ခဲတာပါ။ နောက်ပြီး ဒီလိုလမ်းတွေ တံတားတွေ ပျက်စီးသွားလို့ တပ်မတော်စစ်ဆင်ရေးကို မထိခိုက်နိုင်ပါဘူး။ ဘာ့ကြောင့်တုန်းဆိုတော့ လူသူ လက်နက်ရိက္ခာအားလုံးကို လေကြောင်းကနေ ဖြေရှင်းပေးနိုင်လို့ပါ။

လမ်း၊ တံတားတွေ ဆုံးရှုံးပျက်စီးသွားခဲ့ရင် တကယ်တမ်းထိခိုက်တာက ဒေသခံပြည်သူတွေပဲ ဖြစ်တယ်ဆိုတာကို သုံးသပ်စေချင်ပါတယ်။ ကျန်းမာရေးဘက်က ကြည့်မယ်ဆိုရင် ကုန်းကြောင်းခရီးကနေ နာရီပိုင်းလောက်ပဲ သွားပြီး မြစ်ကြီးနားဆေးရုံကို တင်နိုင်ရင်အသက်ရှင်နိုင်တဲ့လူနာတွေ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးပျက်စီးကြရပါတယ်။ ပညာရေးဘက်က ကြည့်မယ်ဆိုရင်လည်း ကျောင်းဆရာ၊ ဆရာမရှားပါးတဲ့ ပြဿနာကြောင့် မိမိတို့ကလေးလေးတွေ ပညာတတ်ဖြစ်အောင် အိမ်ပေါင်၊ ယာပေါင်၊ လယ်ရောင်း၊ နွားရောင်းလုပ်ပြီး မြို့ကအဆောင်တွေကို ပို့နေကြရပါတယ်။ တကယ်တမ်း လမ်းတွေ တံတားတွေကောင်းမွန်မယ်၊ လျှပ်စစ်မီးတိုင်တွေ သွယ်တန်းနိုင်မယ်ဆိုရင် ကျန်းမာရေး၊ ပညာရေးစတာတွေဟာ အလိုအလျောက် ပြေလည်သွားနိုင်စရာ အကြောင်းရှိပါတယ်။ ဒီလို လမ်းတံတားတွေနဲ့ ပတ်သက်ပြီး ရှမ်းနီရွာလေးတွေမှာပဲဖြစ်စေ ကချင်ရွာလေးတွေမှာပဲဖြစ်စေ စစ်နဲ့ဆက်နွယ်တဲ့ ဒုက္ခသုက္ခတွေကို မခံစားစေချင်ပါဘူး။ တိုင်းရင်းသား သွေးရင်းမောင်ဘွား အချင်းချင်း ညီညွတ်သင့်တယ်လို့လည်း ပြောချင်ပါတယ်။ အခုဆိုရင် ဆင်ဘိုမြို့နဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ တောရွာလေးတွေအားလုံးစစ်နဲ့ပတ်သက်တဲ့ဒုက္ခတွေကို ရင်ဆီးခံစားနေရပါတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေအားလုံးက - အိုင်ဒီပီစစ်ရှောင်စခန်းကိုမရောက်ကြပေမဲ့ကျွန်တော်တို့ဒေသမှာ နေထိုင်ကြတဲ့ တောနေလူတန်းစား အားလုံးကတော့ ဒုက္ခသည်တွေပါပဲ”ဆိုပြီး ပြောနေကြပါတယ်။ နောက်ပြီး လယ်ကွင်းတွေထဲအထိ မြေမြှုပ်မိုင်းတွေ လာထောင်ထားတာမို့ လယ်ထဲဆင်းရတာ အခက်အခဲရှိသလို၊ မိုင်းထိပြီးသေတဲ့ ကိုယ့်ကျွဲ၊ နွားတွေကိုတောင် သွားမကောက်ရဲဘူး၊ ဒါတင်မကပါဘူး လယ်အလုပ်အားချိန် မှိုကောက် မျှစ်ချိုး၊ ကြိမ်ခုတ် ဝါးခုတ် စတဲ့အလုပ်တွေကိုတောင် ကျွန်တော်တို့တောင်သူတွေ အခုချိန်မှာ မလုပ်ရဲကြပါဘူး”လို့လည်း မီဒီယာကို ရင်ဖွင့်ပြောဆိုနေပါတယ်။ အခုလိုတိုးတက်လာနေတဲ့ သတင်းခေတ်မှာ တစ်နိုင်ငံလုံးက ပြည်သူလူထုအားလုံးရဲ့ အတွေးအခေါ် အယူအဆပိုင်းဆိုင်ရာတွေဟာ တောရောမြို့ပါမကျန် မီဒီယာကွန်ရက်ကြီးအဖြစ် ချိတ်ဆက်မိနေပြီ ဆိုတာကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တွေးတောဆင်ခြင်စေချင်ပါတယ်။

ဒါကြောင့် ပြည်သူလူထုကို ဗဟိုပြုတဲ့ နိုင်ငံရေးသဘောတရားတွေကို နက်နက်ရှိုင်းရှိုင်းတွေးပြီး ကချင်ပြည်နယ်ကြီးနဲ့အတူ မြန်မာတစ်ပြည်လုံး အမြန်ဆုံး ငြိမ်းချမ်းပါစေလို့ ဆုမွန်ကောင်းတောင်းရင်း တင်ပြလိုက်ရပါတယ်။

မြတ်သွေးထက်



# ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ်အတွက် ကချင်ပြည်နယ်မှ ကျောင်းသူတစ်ဦး ရွေးချယ်ခံရ

မြစ်ကြီးနား၊ ဩဂုတ် ၂၃

မြန်မာ - ဂျပန် အသင်း (MJA)၏ ပညာရည်ထူးချွန်ဆုဖြစ်သည့် ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်အတွက် ဘက်စုံထူးချွန်သူများကို ရွေးချယ်ရာတွင်ကချင်ပြည်နယ်မှကျောင်းသူတစ်ဦး ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့် သက်မှတ်ချက်ပြည့်မီသော နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသူ/သား ၃၀ ဦးနှင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် ထူးချွန်စွာအောင်မြင်သူ ၄၅ ဦး စုစုပေါင်း ၇၅ ဦးကို မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် ရေးဖြေ/လူတွေ့စစ်ဆေးမှုများပြုလုပ်၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၇၅ ဦးအနက်မှ ဘက်စုံထူးချွန်သူ ၁၈ ဦးကို ရွေးချယ်ရေးကော်မတီက ရွေးချယ်ရာတွင် မြစ်ကြီးနားမြို့မှ ဘာသာစုံဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ မသန်းသန်းဆင့် တစ်ဦးတည်းရွေးချယ်ခံခဲ့ရကြောင်း ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာဇေယျာကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီလိုပါသွားတဲ့ အကြောင်းအရင်းကတော့ သူဖြေလိုက်တဲ့ရေးဖြေရယ်၊ နှုတ်ဖြေတွေမှာ သူ့ရဲ့ ability, နောက်ပြီးသူ့ရဲ့ manner နောက်ပြီး သူ့ရဲ့ personality တွေကို သဘောကျပြီးရွေးတာ ဖြစ်မယ်"ဟု ဦးဇေယျာက ပြောသည်။

ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ်ကို အောက်တိုဘာလ ၁၁ ရက်နေ့တွင်စတင်ထွက်ခွာမည်ဖြစ်ပြီး Home Stay အပါအဝင် ၈ ညအိပ် ၉ ရက်ကြာ လေ့လာရေးအစီအစဉ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထိုမြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ရွေးချယ်ခံရသည့် ဘက်စုံထူးချွန်သူစာရင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသူ/သား ၃ ဦး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသူ/သား ၃ ဦး၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် ထူးချွန်အောင်မြင်သူ ကျောင်းသူ/သား ၄ ဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အမှတ်အများဆုံး ရရှိကြသော ကျောင်းသူကျောင်းသား ၈ ဦး စုစုပေါင်း ၁၈ဦး ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)၊
မျိုးမြတ်မြတ်ပန်

---

# အိမ်တွင်းမှု စားသောက်ကုန်များကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင်လည်း ဓာတ်ခွဲစမ်းသပ်နိုင်

မြစ်ကြီးနား၊ ဩဂုတ် ၂၄

အိမ်တွင်းစားသောက်ကုန်လုပ်ငန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင်ဓာတ်ခွဲစမ်းသပ်ပြီးထုတ်လုပ်ရောင်းချနိုင်သည်ဟု သိရသည်။

ထိုအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် တန်ဖိုးမြင့် စားသောက်ကုန်များ၊ လူသုံးကုန်များ ထုတ်လုပ်မှုတို့ကို ဓာတ်ခွဲစမ်းသပ်ပေးပြီး လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ပေးနေခြင်းကြောင့် ဖြစ်သည်။

အိမ်တွင်းစားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA ၏ ဓာတ်ခွဲစမ်းသပ်မှုကို စိုးရိမ်မကင်းဖြစ်နေကြသည့်အတွက် အသေးစားစက်မှုလက်မှုဦးစီးဌာနတွင်လည်း ဓာတ်ခွဲစမ်းသပ်နိုင်ကြောင်း ညွှန်ကြားရေးမှူး ပြည်နယ်ဦးစီးဌာန ဦးအောင်မောင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုလူတွေက FDA ရဲ့ ဓာတ်ခွဲစမ်းသပ်မှုအပေါ်မှာ သံသယဖြစ်နေကြတယ်။ အော်လည်း အော်နေကြတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနမှာလည်း ဓါတ်ခွဲစမ်းသပ်လို့ရနိုင်ပါတယ်။ ဘာဖြစ်လို့ရနိုင်တာလဲဆိုရင် ကျွန်တော်တို့ဌာနနဲ့ FDA နဲ့က ပြည်ထောင်စုအဆင့်မှာ ဓာတ်ခွဲစမ်းသပ်မှုက အတူတူမို့လို့ပါ"ဟု ဦးအောင်မောင်းက ပြောသည်။

ထိုအသေးစားစက်မှုလက်မှုဦးစီးဌာနတွင် စားသောက်ကုန်များနှင့် လူသုံးကုန်အမျိုးမျိုးတို့ကို ဓါတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ပြီး တစ်မျိုးလျှင် ကျပ်ငွေသုံးထောင်မှ လေးထောင်ကျပ်ကုန်ကျသည်ဟုဦးအောင်မောင်းက ပြောသည်။

အိမ်တွင်းစားသောက်ကုန်လုပ်ငန်းများအနေဖြင့် ဈေးကွက်တွင် အမှန်တကယ်တင်ပို့ရောင်းချမည်ဆိုပါ က FDA ဌာန၏ ထောက်ခံချက်ကို ရယူရမည်ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ် ဦးစီးဌာန(တာဝန်ခံ) ဒေါက်တာတင်ထွန်းဦးကပြောသည်။

"ကျွန်တော်တို့ဆီမှာတော့ အိမ်တွင်းစားသောက်ကုန်လုပ်ငန်းတွေကို မစစ်ဘူး။ စစ်တာကတော့ အသေးစားကစစ်တာ။ သူတို့ရဲ့ဓာတ်ခွဲခန်းရဲ့ အနေအထားက ဘယ်လိုသတ်မှတ်ချက်နဲ့ ကိုက်တယ် မကိုက်ဘူးဆိုတာတော့ ကျွန်တော်တို့လည်း မသိဘူး။ ဒါပေမယ့် တကယ့်တကယ်မှုအရ ဈေးကွက်ထဲမှာတင်တော့မယ် ဘာညာဘာညာဆိုရင် စားသောက်ကုန်လုပ်ငန်း မှန်သမျှတော့ ကျွန်တော်တို့ဆီက ထောက်ခံချက် ယူရတယ်။ သူတို့ရဲ့ ထောက်ခံချက်တစ်ခုတည်းနဲ့တော့ မရဘူး"ဟု ဒေါက်တာတင်ထွန်းဦးကပြောသည်။

ယခုလက်ရှိအချိန် မြစ်ကြီးနားမြို့တွင် FDA ထောက်ခံချက်ရရှိထားသော လုပ်ငန်းမှာ ရေသန့်လုပ်ငန်းများ၊ လပ်ကီးကိတ်မုန့်လုပ်ငန်းနှင့် တင်စိုးလေးကိတ်လုပ်ငန်းတို့ ရှိကြောင်း FDA မှ သိရသည်။

ဆိုင်း (ကချင်မြေ)

---

## မြစ်ကြီးနာဂျာနယ်မှာ ကြော်ငြာပါ

လူကြီးမင်းတို့၏ အမည်ပြောင်းကြော်ငြာများ ၊ ပစ္စည်းပျောက်ကြော်ငြာများ၊ မွေးနေ့ဆုတောင်းများကို မြစ်ကြီးနားသတင်းဂျာနယ်မှာ ထည့်သွင်းကြော်ငြာနိုင်ပါသည်။ စာစောင်ပေါ်တွင် သင့်တင့်သော ဈေးနှုန်းဖြင့် အခပေးကြော်ငြာ ရုံဖြင့်စာဖတ်ပရိသတ် ၅သိန်းနီးပါးရှိသော Myitkyina News Journal Facebook Page တွင်အခမဲ့ ကြော်ငြာပေးသွားမည်ဖြစ်သည်။

**ဆက်သွယ်ရန်**

ဖုန်း - ၀၉-၄၀၀၀၁၂၃၉၃၊ ၀၉-၄၀၀၀၄၈၆၈၀
Email: myitkyinajournal@gmail.com

## အမည်ပြောင်းအသိပေးကြေညာခြင်း

ပူတာအိုမြို့နယ်၊ လုံးစွတ်ရပ်ကွက် (၁) အိမ်အမှတ် (လစ/၁/၄၂) တွင်နေထိုင်သော ဦးနော်ရဲဒီ၏ အမည်မှာ မှားယွင်းနေသောကြောင့် အမည်ရင်းမှန်မှာ ဦးနော်ရဲဒီး ဖြစ်ကြောင်းနှင့်အထက (ပူတာအို) ကျောင်း ဒသမတန်း (C)တွင်ပညာသင်ကြားနေသော မောင်ရီဆာယ၏ အမည်နှင့်မွေးသက္ကရာဇ် မှားယွင်းနေသောကြောင့် အမည်ရင်းမှန်မှာ မောင်ရီးဆာယဖြစ်ပြီး မွေးသက္ကရာဇ်အမည်မှန်မှာ ၁၂.၂.၂၀၀၃ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကြေညာသူ
ဦးနော်ရဲဒီး

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒသမတန်းတွင် တက်ရောက်နေသော မောင်ဇော်ဇော်ထွန်း၏ ဖခင်အမည်မှာ ဦးသိမ့်ယိန်းဇုန်းဟု မှားယွင်းနေသောကြောင့် ဖခင်အမည်ရင်းမှန်မှာ ဦးယိန်းဇုံး (၁/အဂယ (နိုင်) ၀၀၁၂၇၁) ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးယိန်းဇုံး**
**၁/အဂယ (နိုင်) ၀၀၁၂၇၁**

မြစ်ကြီးနားသတင်းဂျာနယ်
(ဩဂုတ် ၂၇ ၊ ၂၀၁၈)

# ပါလီမန်ခေတ် ကချင်ပါတီနိုင်ငံရေး

ဒန်ဆိုင်းလောန် ရေးသားသည်

နိဒါန်း

ကချင်ပါတီနိုင်ငံရေး အစမှာ ပါလီမန်ခေတ်ဖြစ်သည်ဟု ယူဆလျှင် မမှားနိုင်ပေ။ ကချင်ပါတီများ နိုင်ငံရေးတိုက်ပွဲကို ရွေးကောက်ပွဲတွင် လည်းကောင်း၊ ပါလီမန်တွင်လည်းကောင်း ဆင်နွှဲခဲ့ပြီး နိုင်ငံရေးလူလားမြောက်ခဲ့ရသော ကာလ ဖြစ်သည်။ ဒီမိုကရက်တစ်ယဉ်ကျေးမှု စတင်အမြစ်တွယ်လာသောအချိန်ကာလလည်း ဖြစ်ခဲ့သည်။

ကချင်ပါတီများ ပါလီမန်ခေတ်နိုင်ငံရေးတွင် မည်သို့ပါဝင် ဆောင်ရွက်ခဲ့သနည်း။ ကချင်ပါတီ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား မည်သို့သော နိုင်ငံရေး မပြေလည်မှုများ ရှိခဲ့သနည်း။ ထိုအချိန်က အင်အားကြီးပါတီဖြစ်သော ဖဆပလပါတီနှင့် ကချင်ပါတီများကြား မည်ကဲ့သို့သော ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့သနည်း။ ထိုအချိန်က ကချင်ပါတီများသည် မည်ကဲ့သို့သော နိုင်ငံရေးစိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရသနည်း။ အထက်ပါ သုတေသနမေးခွန်းများမှာ ဤဆောင်းပါးအား ရေးသားရန် တွန်းအားဖြစ်စေခဲ့သော အကြောင်းတရားများ ဖြစ်သည်။

သမိုင်းအထောက်အထား

သို့သော် ဤကဲ့သို့သော မေးခွန်းများအား ထင်မြင်ယူဆချက် သက်သက်ဖြင့်တင်ပြရန်လည်း မဖြစ်နိုင်ပေ။ ခိုင်ခိုင်မာမာ သမိုင်းအထောက်အထားမပြဘဲ တင်ပြဆွေးနွေးရကောင်းသော ခေါင်းစဉ် လည်း မဟုတ်ပေ။ ထိုခေတ်ကိုမီလိုက်သော လူကြီးသူမများ၏ နှုတ်ပြောသမိုင်းများကို အားထားပြီး ထိုခေတ်သမိုင်းအားမတည်ဆောက်သင့်ပေ။ ထို့ကြောင့် ဤဆောင်းပါးကို ရေးသားရာတွင် ခေတ်ပြိုင်သမိုင်းအထောက်အထားများကို တတ်နိုင်သမျှ စုဆောင်းပြီး ထိုခေတ်ကာလက ကချင်ပါတီများအကြောင်း မှတ်တမ်းပြုစုထားသော စာရွက်စာတမ်းများ၊ စာအုပ်များ၊ နှုတ်ပြောသမိုင်း အတ္ထုပ္ပတ္တိ (Memoir) စာအုပ်များ၊ ထိုအချိန်က ကချင်အစိုးရမှတ်တမ်းများကို တတ်နိုင်သမျှ စုဆောင်းပြီး အထောက်အထားများအား အတွင်းအပြင် စစ်ဆေးခြင်း (internal/ external criticism) ပြုလုပ်ပြီး ကြိုးစားတင်ပြထားခြင်း ဖြစ်သည်။

အားအကိုးရဆုံးမှာ ခေတ်ပြိုင်သတင်းစာများ ဖြစ်သည်။ ထိုအချိန်က ကချင်ဘာသာဖြင့်ရေးသားခဲ့သော (Jinghpaw Prat Shi Laika 1959-1963) ထိုကာလအတွင်းက နိုင်ငံရေးဖြစ်စဉ်များအား တိတိကျကျ မှတ်တမ်းတင်ထားခဲ့သည်။ ထိုအချိန်က (The Nation 1949-1963)သတင်းစာမှာလည်း ထိုအချိန်က နိုင်ငံရေးအခြေနေများကို နှိုက်နှိုက်ချွတ်ချွတ် မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ပါလီမန်ကာလ ကုန်ဆုံးခါနီးချိန် ၁၉၅၉ မှ စတင်ထုတ်ဝေခဲ့သော (The Guardian) အင်္ဂလိပ်သတင်းစာကလည်း ခေတ်ပြိုင်သမိုင်းအထောက်အထားစာရင်းဝင် သတင်းစာဖြစ်သည်။ Jinghpaw Prat, The Nation, The Guardian သတင်းစာများကို မြင်တွေ့ဖူးသူမှာ ယခုကာလတွင် အလွန်ရှားပေတော့မည်။ ထို့ကြောင့် Jinghpaw Prat သတင်းစာကို ဝေမျှပေးခဲ့သော ဆရာကြီး မရန်ဂျာဂွန်း (၁၉၄၆-၂၀၁၇)၊ ဆရာမကြီး မရန်ကိုင်ဘူတို့အား ကျေးဇူးအထူး တင်ရှိပါသည်။

အထူးသဖြင့် ထိုအချိန်က အင်္ဂလိပ်သတင်းစာဖြစ်သော The Nation နှင့် The Guardian သတင်းစာများကို microfilm အဖြစ်သိမ်းဆည်းထားသောဗြိတိသျှစာကြည့်တိုက် (British Library) တွင် ၁၉ဇူလိုင်မှ ၂ဩဂုတ် ၂၀၁၈ အထိသုတေသနပြုနိုင်ရန် ကူညီထောက်ပံ့ပေးခဲ့သော Parliament For People (UK)နှင့် ဗြိတိသျှအကယ်ဒမီ (British Academy)တို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ အလွန်ကြီးကျယ်ခမ်းနားပြီး ရှုပ်ထွေးလှသော ဗြိတိသျှစာကြည့်တိုက်မှ စာရေးသူဖတ်ရှုလိုသော သတင်းစာများနှင့် မြန်မာနိုင်ငံဆိုင်ရာသမိုင်း ဖိုင်တွဲများ၏ တည်နေရာနှင့် microfilm များကို မည်သို့မည်ပုံမှာယူရမည်ကို ပြသပေးပြီး စာတမ်းရေးသားရန်အတွက် အကြံပြု ထောက်ပံ့ကူညီပေးခဲ့သော အရှေ့တိုင်းနှင့်အာဖရိကကျောင်း (School Of Oriental And Africa Studies)၊ သမိုင်းဌာန မှ Reader ဖြစ်သော Dr. Mandy Sadan နှင့် ဗြိတိသျှစာကြည့်တိုက်မှ မြန်မာနိုင်ငံဆိုင်ရာသမိုင်း အထောက်အထားများစာရင်းနှင့် မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့သောသတင်းစာများ၏စာရင်းကို မည်သို့မည်ပုံမှာ ယူရမည်ကို စေတနာဖြင့် ညွှန်ပြပေးခဲ့သော ဗြိတိသျှစာကြည့်တိုက်မှ ပြတိုက်မှူးဆရာမကြီးဒေါ်စန်းစန်းမေတို့အား အထူးပင်ကျေးဇူးတင်ကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ပါလီမန်ခေတ် ကချင်ပါတီနိုင်ငံရေး

ကချင်ပါတီနိုင်ငံရေး သမိုင်းကိုလေ့လာကြည့်လျှင်ကုန်ဖန်ဖုန်ခေါ် "ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့(ပယကဖ)"သည် ကချင်တို့၏ ပထမဆုံးသော နိုင်ငံရေးအဖွဲ့အစည်းဟု ယူဆရမည်။ ဆမားဒူဝါဆင်ဝါးနောင် အမှူးပြုပြီး ယင်းအဖွဲ့အစည်းအား ၁၉၃၈ ခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည်။ သို့သော် ဖက်စစ်ဂျပန်ခေတ်အစပြုချိန်မှစ၍ အင်္ဂလိပ်ကိုလိုနီအစိုးရ ပြန်လည်ဝင်ရောက်လာချိန်အထိ ယင်းအဖွဲ့အစည်းနှင့် သက်ဆိုင်သော လှုပ်ရှားမှုများ တစ်စုံတရာမျှ ပြုလုပ်နိုင်ခဲ့ခြင်း မရှိခဲ့ချေ။ ဖွဲ့စည်းထားသည် ဆိုရုံသာ ဖြစ်ခဲ့သည်။ ဖက်စစ်ဂျပန်ခေတ်ကုန်ဆုံးပြီး အင်္ဂလိပ်ကိုလိုနီခေတ် တစ်ကျော့ပြန်အသက်ဝင်လာချိန်မှ စ၍သာ ပယကဖအဖွဲ့သည် ပြန်လည်အသက်ဝင်လာခဲ့သည်ကို တွေ့ရှိရသည်။ လွတ်လပ်ရေးကို အရယူရန်မှာ အဓိကရည်ရွယ်ချက် ဖြစ်လာသည်။ ထိုသို့လွတ်လပ်ရေးအရယူရန်မှာ အဖွဲ့အစည်းနှင့် ကချင်လူထုအင်အားကို စုစည်းမှသာ ရယူနိုင်မည့် နိုင်ငံရေးကာလဟု ဆိုလျှင်လည်း မမှားနိုင်ပေ။

၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဂျပန်ခေတ်တစ်လျှောက် အသက်မဲ့နေခဲ့သော ပယကဖအဖွဲ့ ပြန်လည်သက်ဝင်လှုပ်ရှားလာကာ အခြေခံအဖွဲ့များ ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၆ နိုဝင်ဘာ ၁၉၄၆ ၌ မိုးကောင်းမြို့တွင်ပယကဖညီလာခံကျင်းပကာ ပယကဖအဖွဲ့ချုပ်အား ပြန်လည် ဖွဲ့စည်းနိုင်ခဲ့လေသည်။

ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် ဒူဝါဇော်ရစ်ဦးဆောင်သော ပေါင်ယောင်လူငယ်အဖွဲ့အစည်းလည်း ထွက်ပေါ်လာခဲ့သည်။ ဤအဖွဲ့အစည်းနှစ်ရပ်မှာ စစ်ပြီးခေတ် အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေး ယန္တရားကို ပြန်လည်အသက်သွင်းရန် စီမံထားသော စက္ကူဖြူစီမံကိန်းကို အပြင်းအထန်ကန့်ကွက်ခဲ့သောအဖွဲ့အစည်းများလည်း ဖြစ်လေသည်။ လွတ်လပ်ရေးဟုဆိုရာတွင် ဤအဖွဲ့အစည်းနှစ်ရပ်၏ ရပ်တည်ချက်မှာ သီးခြားလွတ်လပ်သော ကချင်နိုင်ငံထူထောင်ရန် (သို့တည်းမဟုတ်) မြေပြန့်ဗမာခေါင်းဆောင်များနှင့် လွတ်လပ်ရေးအတူတကွ ရယူကာ ပြည်ထောင်စုအတွင်းသီးခြား ကချင်ပြည်နယ်အဖြစ် သတ်မှတ်နေထိုင်ရန် ဆန္ဒပြင်းပြခဲ့သောအဖွဲ့အစည်းများဖြစ်သည်။ ဤအဖွဲ့အစည်းနှစ်ဖွဲ့လုံး၏ ခေါင်းဆောင်အများစုမှာ မြစ်ကြီးနားခရိုင်မှဖြစ်ပြီး ဗန်းမော်ခရိုင်မှ ကချင်ခေါင်းဆောင်များနှင့် လွတ်လပ်ရေးအရယူမည့်အမြင်ချင်း ကွဲပြားမှုရှိသည်ကို ပင်လုံအစည်းအဝေးမတိုင်ခင်ကပင် ထင်သာမှုရှိသည်ကို တွေ့ရှိရသည်။

ဗန်းမော်ခရိုင်မှ ကချင်ခေါင်းဆောင်အများစုမှာ ထိုခေတ်က အင်္ဂလိပ်ဘွဲ့ရ ပညာတတ်အများစုဖြစ်ကြပြီး အင်္ဂလိပ်ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရားတွင်လည်းအရာရှိများဖြစ်ကြသည်။ ဥပမာ- ဒူဝါဇော်လွန်းဆိုလျှင် ထိုအချိန်က ဗန်းမော်ခရိုင်ကောင်စီ (District Council) ဥက္ကဋ္ဌရာထူး ထမ်းဆောင်နေသူဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ဗန်းမော် ကချင်ခေါင်းဆောင်များမှာ စစ်ပြီးခေတ်အင်္ဂလိပ် အုပ်ချုပ်ရေး ပြန်လည်နာလန်ထလာနိုင်ရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသူများဖြစ်သည်။ အုပ်ချုပ်ရေးအတွေ့အကြုံနှင့် ရင့်ကျက်မှုရှိသူများလည်း ဖြစ်ကြသည်။ ထိုအချိန်က အင်္ဂလိပ်အစိုးရ၊ အန္တိယပြည်မနှင့် ဗမာပြည်မအကြားရှိ တောင်တန်းဒေသများအား စုစည်းပြီး သီးခြားလွတ်လပ်သော ဖက်ဒရယ်ပြည်ထောင်စု (Federation) အဖြစ်ဖွဲ့စည်းမည့် စီမံကိန်းလည်း ရှိနေခဲ့သည်။ ထိုစီမံကိန်းအကောင်အထည်ဖော်နိုင်ရန် တောင်တန်းဒေသ အုပ်ချုပ်ရေးဆိုင်ရာ အထူးကျွမ်းကျင်သူ ညွှန်ကြားရေးဝန် မစ္စတာစတီဗင်ဆင်ကဲ့သို့သော Civil Servant များက အထူးပင် ကြိုးပမ်းခဲ့ကြသည်ကိုတွေ့ရှိရသည်။ ဗန်းမော်ကချင်ခေါင်းဆောင်အများစုမှာ မစ္စတာစတီဗင်ဆင်၏ အဆိုပြုချက်ကို ထောက်ခံကြသည်။

ထိုသို့ လွတ်လပ်ရေးအပေါ် မတူညီသော ရှုမြင်ချဉ်းကပ်မှုများနှင့် ကချင်ခေါင်းဆောင်များ ပင်လုံအစည်းအဝေးသို့ တတ်ရောက်ခဲ့ကြသည်။ ထို့နောက် လွတ်လပ်ရေးကို မည်ကဲ့သို့ရယူပြီး ပြည်ထောင်စုမြန်မာနိုင်ငံကို မည်ကဲ့သို့ တည်ထောင်ခဲ့ကြသည်ကို အထူးတလည် ဤဆောင်းပါးတွင် ပြန်လည်ဖော်ပြရန်မလိုဟု စာရေးသူယူဆမိသည်။

ပါလီမန်ခေတ်မတိုင်မီ ကချင်နိုင်ငံရေးအား သုံးသပ်ကြည့်လျှင် ကချင်ခေါင်းဆောင်များ နိုင်ငံရေးအဖွဲ့အစည်းဖွဲ့စည်းပြီး နိုင်ငံရေးရည်မှန်းချက်များကို အရယူရမည်ဆိုသည့် အသိနိုးကြားလာသည်ကို တွေ့ရှိရသည်။ သို့သော်နိုင်ငံရေးပါတီအဖြစ်ပီပီပြင်ပြင် စုဖွဲ့လှုပ်ရှားလာသည့် အဆင့်မရောက်ခဲ့ပေ။ ပယကဖနှင့်ပေါင်ယောင်လူငယ်အဖွဲ့များကို နိုင်ငံရေးပါတီအဖြစ် ယူဆရန် ခက်ခဲပေဦးမည်။

ယင်းနှစ်ဖွဲ့ကို ရေတိုနိုင်ငံရေးရည်မှန်းချက်အတွက် ဖွဲ့စည်းထားသော Pressure group များအဖြစ်သာ ရှုမြင်ရမည်ဟုယူဆမိသည်။ နိုင်ငံရေးပါတီတစ်ရပ်တွင် ရှိအပ်သည့် ဂုဏ်အင်္ဂါရပ်များ ထိုအချိန်ထိမပြည့်စုံသေးသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကချင်ပါတီနိုင်ငံရေး အမှန်တကယ် စတင်ခဲ့သည်မှာ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ပင် ဖြစ်သည်။

**နောက်အပတ်ဆက်ရန်**

ဒန်ဆိုင်းလောန်
Director.
KachinLand Research Centre.








# အနာဂတ်လူငယ်တွေအင်အားဖြစ်စေဖို့အတွက် အောင်လအင်န်ဆန် ကြေးရုပ်တု စိုက်ထူမည်

MMA ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံ အောင်လအင်န်ဆန်ကို ဂုဏ်ပြုသည့်အနေဖြင့် မြစ်ကြီးနားမြို့ မနောကွင်းအတွင်းတွင် အောင်လအင်န်ဆန်၏ ကြေးရုပ်တုစိုက်ထူသွားရန် စီစဉ်ဆောင်ရွက်နေမှုများကို ကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေလွမ်းနှင့် မြစ်ကြီးနား သတင်းဂျာနယ်တို့ အမေးအဖြေ ပြုလုပ်ခဲ့သည်များကို ဖော်ပြပေးလိုက်ပါတယ်။



ဓာတ်ပုံ - Salai



**အောင်လအင်န်ဆန်ကို ဂုဏ်ပြုတဲ့အနေနဲ့ မြစ်ကြီးနားမြို့မှာ သူ့ရဲ့ ကြေးရုပ်တု စိုက်ထူမယ်လို့သိရတယ်။ စိုက်ထူမယ့် ရည်ရွယ်ချက်ကို သိပါရစေခင်ဗျ**

ရည်ရွယ်ချက်က အဓိကသူက ကမ္ဘာ့ချန်ပီယံဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံထဲမှာ ပထမဦးဆုံးသော ကမ္ဘာ့ချန်ပီယံပေါ့။ ဒါကြောင့် အနာဂတ်လူငယ်တွေအတွက် အင်အားတစ်ခု အတုယူစရာတစ်ခု ဖြစ်သွားအောင် ရည်ရွယ်ပြီးမှ ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီကနေ ဦးစီးဦးဆောင်ပြီးမှ ဆောင်ရွက်တာ ဖြစ်ပါတယ်

**အောင်လအန်ဆန်ရဲ့ ဘယ်လိုရုပ်ပုံကို ထုဆစ်သွားမလဲခင်ဗျ။**

သူရဲ့ကြေးရုပ်ပေါ့ ခါးပတ်နှစ်ခု ပိုင်ဆိုင်ထားတဲ့ ပုံစံပေါ့။ ခါးပတ်ကို ဘယ်ညာ ပုခုံးပေါ်မှာတင်ထားတဲ့ ပုံစံထုလုပ်သွားမယ်။

**ကုန်ကျစရိတ်ကရော ဘယ်လောက်လောက် ခန့်မှန်းထားလဲ။**

ကုန်ကျစရိတ်ကတော့သိန်း ၁၀၀ ကျော်ကျော် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။

**စိုက်ထူမယ့်နေရာ အကျယ်အဝန်းနဲ့ ကြေးရုပ်အမြင့်ပေ ဘယ်လောက်လောက် လုပ်သွားမလဲ။**

ရုပ်ထုအမြင့်ကတော့ ၆ပေနဲ့ ၉ ပေကြားမှာ ရှိမယ်၊ အကျယ်အဝန်းကတော့ ခုပြောထားတဲ့အမြင့်ကို ကျွန်တော်တို့လိုချင်တဲ့ အချိုးအစားအတိုင်း ပြန်သွားမယ်။ အကျယ်အဝန်းကတော့ အတိအကျမဟုတ်သေးတော့ မပြောနိုင်သေးဘူး။ လောလောဆယ် ပညာရှင်တွေနဲ့ ဆွေးနွေးတုန်းပဲရှိပါသေးတယ်။

**ဘယ်အချိန်လောက်များ အကောင်အထည်ဖော်ပြီး လုပ်ဆောင်သွားမလဲ။**

ဒီလ ဩဂုတ်လကုန်လောက်စပြီးတော့ကြေးရုပ်တုကို အကောင်အထည်စဖော်လုပ်သွားပါ့မယ်။

**ဘယ်ကပညာရှင်တွေနဲ့ပြုလုပ်မှာလဲဗျ။**

မြစ်ကြီးနားမှာ မနောကွင်းဝင်ပေါက်မှာတွေ့ရတဲ့ ရုပ်တုကို ထုတဲ့သူတွေကိုခေါ်ထားတယ်။ ပြီးတော့ မန္တလေးက ပညာရှင်တွေနဲ့ မြစ်ကြီးနားက ပညာရှင်တွေ ပူးပေါင်းပြီးတော့ ဆောင်ရွက်မှာပါ။

**ကချင်ပြည်နယ်အစိုးရပိုင်းအနေနဲ့ရော ညှိနှိုင်းတာတွေ ရှိလား**

ကချင်တိုင်းရင်းသား မနောကွင်းဆိုတော့ ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီနဲ့ ဆောင်ရွက်တဲ့အတွက် ဒါကတော့ နိုင်ငံရေးလည်း မပါဘူး၊ လူမျိုးရေး၊ ဘာသာရေးလည်း မပါဘူး။ အားကစားအနေနဲ့ ကမ္ဘာမှာ ထူးချွန်တာကိုပဲပြချင်တာဆိုတော့ ကျွန်တော်ထင်တယ် အထူးတလည် တောင်းဆိုစရာတော့ မလိုဘူးလို့ ထင်တယ်

**ပြည်သူလူထုကိုရော ဒီကိစ္စနဲ့ ပတ်သက်လို့ စစ်တမ်းကောက်တာတွေရှိလား။**

စစ်တမ်း ကောက်တာတော့မရှိဘူး။ ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီကျင်းပပြီးမှ ဒီမှာရှိတဲ့ ရပ်မိရပ်ဖတွေ အကုန်ပူးပေါင်းမှ ဆွေးနွေးပြီးမှ ဆောင်ရွက်တာဖြစ်ပါတယ်။

**စိုက်ထူမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ဖေ့စ်ဘုတ်မှာ အငြင်းအခုံဖြစ်နေကြတဲ့အပေါ်မှာ ဘာများပြောချင်ပါသလဲ ခင်ဗျ။**

ဥပမာ အခုကမ္ဘာမှာ ဘောလုံးသမား ရိုနယ်ဒိုတို့၊ ကိုးရီးယားက ပတ်ဂျီဆန်တို့ သူတို့သည် တကယ်ကို သူများနိုင်ငံမှာလည်း အားကစားမှာ ထူးချွန်တဲ့ ကစားသမားတွေ အများကြီး။ ကြေးရုပ်ထုကြတာရှိတယ်လေ။ ရိုနယ်ဒိုတို့ဆို ပေါ်တူဂီနိုင်မှာ ထုထားကြတယ်။ ပတ်ဂျီဆန်ဆိုလည်း သူပုံကို ရုပ်တု ထုတယ်။ ပတ်ဂျီဆန်လမ်းဆိုပြီး နာမည်ပေးထားတာတွေရှိတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီလိုဂုဏ်ပြုမှ အမြဲမြင်ရတွေ့ရမှာ ဖြစ်တယ်။ အားကစားရုံတွေလုပ်တယ်။ လုပ်နိုင်ရင်တော့ပိုကောင်းတာပေါ့။ သူ့ရဲ့ရုပ်ကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီလိုမျိုး ကစားသမားရှိခဲ့တယ်ဆိုတာကို ပြည်သူလူထုအားလုံးကို သိခိုင်းစေချင်တာပါ။

**ဒီရုပ်ထုစိုက်ထူမယ့် ကိစ္စနဲ့ ပတ်သက်ပြီး ကော်မတီဥက္ကဋ္ဌအနေနဲ့ရော ဘာများပြောချင်ပါသေးလဲခင်ဗျ။**

အနာဂတ်လူငယ်တွေ အားကစားထဲမှာလည်း စိတ်ဝင်စားလာအောင် လူငယ်တွေ မွေးထုတ်တဲ့အနေနဲ့လည်း လုပ်တာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ လူငယ်တွေအများကြီး မူးယစ်ဆေးဝါးသုံးစွဲနေတဲ့သူတွေရှိတယ်။ ဒီလိုလူငယ်တွေက ဒီလိုရုပ်ထုပုံကို ကြည့်ပြီးမှ အားကစားဘက်ကို စိတ်ဝင်စားလာအောင်၊ သူ့လိုနိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့သူ ဖြစ်ချင်လာအောင် လုပ်ရခြင်းဖြစ်တယ်ဆိုတာကို ပြည်သူလူထုအများကို ပြောချင်ပါတယ်။

စည်သူ /Salai

## Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၄ - ၈ - ၂၀၁၈ မှ ၃၀ - ၈ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း၃၀ နာရီ၊ ၇ း ၁၅ နာရီခွဲစသည့် ပွဲချိန်တွင် -

**အဆိုတော်တွေနေတဲ့ရွာ**


မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် -

**နာနာဘာဝချစ်သူ**










| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း



| ခုနှစ်ရက် တစ်သီတင်း |
|---|
| စာရေးသူ = ဆူးငှက် |
| စာအုပ်တိုက် = လင်းလွန်းခင်စာအုပ်တိုက် |
| တန်ဖိုး = ၃၅၀၀ ကျပ် |

ဆရာဆူးငှက်၏ မဂ္ဂဇင်းများတွင် ရေးသားဖော်ပြခဲ့သော ဝတ္ထုရှည်များကို စုစည်းထားခြင်းဖြစ်သည်။ မန္တလေးသား စာရေးဆရာဖြစ်သော ဆရာဆူးငှက်၏ ဝတ္ထုများတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများ ထုံမွမ်းလျှက်ရှိသည်။ တချို့ဝတ္ထုများမှာတော့ ဖြစ်ရပ်မှန်နိုင်ငံရေး နောက်ခံပန်းချီကားများကို မြင်တွေ့ရမည်ဖြစ်သည်။ ဆရားဆူးငှက်က သူ့ဝတ္ထုများသည် အစစ်အမှန်တစ်ဝက်၊ အတုအယောင်တစ်ဝက်ဖြင့် အနုပညာကို အခြေခံပြီး ရေးသားထားသည်ဟု ဆိုပါသည်။ ဝတ္ထုရှည်စဆုံးပေါင်းချုပ်များ နည်းပါးနေချိန်တွင် ထွက်ပေါ်လာသော စာအုပ်ကောင်းတစ်အုပ်မို့ ဖတ်ရှုသိမ်းဆည်းထားရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

"အစ်မက အမျိုးသားနဲ့ ဂျပန်ပါသွားတာလေ၊သမီးက ဟိုမှာမွေးတာပေါ့။သမီးသုံးနှစ်အရမှာ ပြန်လာတာ၊ ပထမဆုံးပြန်လာတဲ့အခေါက်မှာ သူရော၊ ဂျပန်က သူ့ပါတနာတွေရော ပါလာကြတယ်၊ မန္တလေးလာရင်း ရန်ကင်းတောင်လာရင်း ဒီနေရာလေးတွေ့တော့ ဂျပန်တွေက သစ်ပင်ရယ်၊ ရေရယ်၊ တောင်တန်းရယ် မြင်တော့ သဘောကျတာနဲ့ အိမ်ကလေးတစ်လုံးကိုပါ ဆောက်ပေးတာလေ၊ အစ်မတို့ကို လက်ဖွဲ့တာဆိုပါတော့၊ ကြည့်ပါလား၊ အိမ်က ဂျပန်ဒီဇိုင်းလေ၊ ဒီမှာ ကျွန်းသစ်ကို ဖောဖောသုံးနိုင်တာ သူတို့က သိပ်သဘောကျတယ်။ အမိုးကလည်း သစ်သားပဲသုံးထားတာ ကြည့်ပါလား၊အစ်မက ဒီမှာနေရတာပျော်တယ်။ သူက ဂျပန်မှာ သုတ်ဆေးအသစ်တွေ ထုတ်ဖို့ကိစ္စတွေက မပြီးပြတ်သေးဘူးလေ၊ သူတို့ကုမ္ပဏီက သုတ်ဆေးတွေ အမျိုးမျိုးထုတ်တာ၊ ဒါကြောင့် အစ်မတို့ ထားပြီးပြန်သွားရတယ်။ ဟိုမှာက ဓာတုဗေဒပစ္စည်းတွေနဲ့ ထုတ်လုပ်တဲ့သုတ်ဆေးတွေကိုမသုံးကြတော့ဘူး၊ ရေရှည်မှာ ခဲဆိပ်သင့်မှာ ကြောက်ကြလို့တဲ့ အန္တရာယ်တွေက မသေးဘူးပေါ့၊ လက်နဲ့ထိတဲ့နေရာတိုင်း ဓာတုဗေဒ သုတ်ဆေးတွေနဲ့မကင်းဘူးမဟုတ်လား၊ ဒါကြောင့် သဘာဝပစ္စည်းက ထုတ်လုပ်တဲ့ သုတ်ဆေးကို သုတေသနလုပ်နေတာ သမီး အဖေက အဓိကပေါ့လေ"(စာ - ၆၁ မှ)



| သစ်သီးတစ်ခြမ်းနှင့် အခြားဝတ္ထုတိုများ |
|---|
| စာရေးသူ = ခင်မြဇင် |
| စာအုပ်တိုက် = Smart စာပေ |
| တန်ဖိုး = ၂၂၀၀ ကျပ် |

ဆရာမခင်မြဇင်ရဲ့ စတုတ္ထမြောက် ဝတ္ထုတိုစုစည်းမှု စာအုပ်ဖြစ်ပါတယ်။ ဆရာဇော်ဇော်အောင်က တစ်ခါက ဒီလိုပြောခဲ့ဖူးတာကို မှတ်မိနေခဲ့ပါတယ်။ ဘဝသရုပ်ဖော်ဝတ္ထုတွေကို သရုပ်မှန်ပုံစံနဲ့ မဟုတ်ဘဲ ရေးတဲ့စာရေးဆရာ၊ ဆရာမတွေရှိပါတယ်။ အဲဒီအထဲမှာ ခင်မြဇင်ပါတယ် လို့ပြောခဲ့တာဖြစ်ပါတယ်။စာရေးပုံရေးနည်းတွေ အများကြီးရှိတဲ့အထဲမှာ ဘဝသရုပ်ဖော်ကို သရုပ်မှန်နည်းနဲ့ ရေးတာမျိုးမဟုတ်ဘဲ စိတ်အလျဉ်၊ ခံစားမှုအတွေးအသားပေး၊ အရေးအသားဆန်းသစ်ခြင်း စတဲ့ပုံစံတွေနဲ့ ရေးတာမျိုးကို ပြောတာထင်ပါတယ်။ ဖတ်ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

"ကျွန်မတို့ သားအမိနှစ်ယောက်သား ခပ်ဆိတ်ဆိတ်ပင် ပြန်လာခဲ့ကြသည်။ လူများများနှင့်မနေတတ်။ ကိုယ့်မိသားစုလေးနှင့်ကိုယ်သာ နေလာကြသော်လည်း အနှစ် ၂၀ ကျော်ခန့် နေထိုင်လာသည့် ရပ်ကွက်လေးမို့ သူတစ်ပြန်ကိုယ်တစ်ပြန် ကူညီခဲ့ကြသည်များတော့ရှိခဲ့ပါသည်။ ဆေးရုံမှပြန်လာတိုင်း လျှော်စရာအဝတ်ထုပ်ကို အဝတ်လျှော်သူမလာလျှင် ကိုယ်တိုင်လျှော်၊ တစ်ခါတလေလျှော်ဖို့ အချိန်မမီလျှင် အိမ်နီးချင်းအစ်မကို ပေးထားခဲ့ပြီး အဝတ်လျှော်သူလာလျှင် လျှော်ခိုင်းပေးဖို့ အပ်ထားရသည်။ သူ၏ ရှူးပေအီးပေအဝတ်များကို ရေများများဖြင့်လောင်း၊ အကြမ်းလျှော်ပေးပြီးမှ အဝတ်လျှော်မည့်သူကို အပ်ထားရသည်။ အပေအပွတွေ ဒီအတိုင်းထားခဲ့လို့တော့ မရပေ။

ဒီနေ့တော့ ဆေးရုံကပါလာသည့် အထုတ်အပိုးတွေကို မဖြေချင်တော့။ ကိုယ်ရောစိတ်ပါ နွမ်းနယ်နေသလို ဘယ်သူ့ကိုမှ ဘာမှမပြောချင်ပေ။ မနက်ဖြန်ဆိုလျှင် ရင်ဆိုင်ရမှာတွေက တနင့်ကြီး ရှိနေဦးမည်။ သားကလည်း နည်းနည်းဖျားနေခဲ့သည်။ ဆေးရုံက ပြင်ပလူနာဌာနမှာပင် ပြထားခဲ့ရသည်။

အဖျားက မပျောက်သေး။ လူနာစောင့်ကြရသည်မှာ တစ်လကျော်ခဲ့ပြီ။ သူ့ဖေဖေကို သူ ခွဲမသွားနိုင်။ ဒီညမှာ ကျွန်မနှင့်အတူ သားကိုယ်စား လူတစ်ယောက်ငှားစောင့်ဖို့ ပြောထားခဲ့သည်။ လူနာစောင့်မလာမှ သေဆုံးသွားခဲ့ရခြင်း ဖြစ်သည်။ သားကို ဒီတစ်ညတော့ အိမ်ပြန်အိပ်ဖို့ပြောတော့ သားက အိမ်မှာ တစ်ယောက်တည်း ပြန်မအိပ်ချင်။ သူ့တပည့်တစ်ယောက်အိမ် လိုက်အိပ်ဖို့ပြောတော့ ထိုသူက သားကိုသူ့အိမ်လိုက်အိပ်စေချင်ပုံ မရ"။ (စာ - ၁၇၁ မှ)

## ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**

Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**

(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခွပ်**

(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 0944844404, 09456301116, 09789438465

**(၄) သင်းသုခ**

(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**

(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035




စာ - ၉ မှ »

**တုတ်ထိုး** - တော်တော်မှတ်မိသားပဲ။ ဒုံးမဝေးတော့ဘူး။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - အခု ဒေါ်အောင်ဆန်းစုကြည့်ရဲ့ စင်္ကာပူခရီးစဉ်မှာပြောခဲ့တဲ့စကားတစ်ခွန်းကို ပြန်ပြောပြချင်တယ်။

**အိုးပေါက်** - ကြားချင်နေတာဗျ။ ပြောဗျာ။

**တုတ်ထိုး** - "လူမျိုး ၁၃၅ မျိုးရှိတဲ့ နိုင်ငံတစ်ခုမှာ လူမျိုးစုတွေ အတူတကွနေထိုင်နိုင်ဖို့ တစ်ယောက်ကို တစ်ယောက်က ပြောဖို့လိုတယ်။ နောက်ပြီးတော့ တစ်ယောက်ကိုတစ်ယောက်နားထောင်ဖို့လိုတယ်" တဲ့။

**အိုးပေါက် -** ဟုတ်တယ်။ နားထောင်တဲ့ယဉ်ကျေးမှုဟာ အရေးကြီးတယ်။ နားထောင်မှုအနုပညာပေါ့။

**တုတ်ထိုး** - ပြီးတော့ သူက ဆက်ပြောတယ်။ "ခု မိတ်ဆွေတို့က ကျွန်မပြောတာကို နားထောင်ဖို့ လိုတယ်။ နားထောင်တယ်ဆိုတာ ထိုင်ခုံတစ်ခုပေါ်မှာ ငြိမ်သက်နားစွင့်နေဖို့ ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့နဲ့အတူ၊ ကျွန်မတို့ ပြည်သူလူထုနဲ့အတူ ခံစားရင်ဆိုင် နားလည်နားထောင်ဖို့ကို လိုတယ်"တဲ့။

**အိုးပေါက်** - ဟုတ်တယ်။ ငြိမ်းချမ်းရေးရဖို့ ဒိုင်ယာလော့ခ်တွေလိုတယ်။ တစ်ယောက်ရဲ့ခံစားမှု တစ်ယောက်နားထောင်ဖို့လိုတယ်။ တစ်ယောက်ဝေဒနာ တစ်ယောက်မျှဝေခံစားတတ်ဖို့ လိုတယ်။

**တုတ်ထိုး** - ငြိမ်းချမ်းရေးအတွက် ကျုပ်တို့တွေ ဒိုင်ယာလော့ဂ်တွေ များများ လုပ်ကြပါစို့။တစ်ယောက်နဲ့တစ်ယောက် နားထောင်ကြပါစို့ဗျာ။ ။

# ကချင်ပြည်နယ်တွင် နှစ်လအတွင်း ဆိုင်ကယ်လိုင်စင်လာလုပ်သူပေါင်း ၉၀၀၀ ကျော်ခန့်ရှိ

မြစ်ကြီးနား၊ ဩဂုတ် ၂၃

ကချင်ပြည်နယ်တွင် ဇွန်လ ၁၈ ရက်နေ့မှစ၍ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးခဲ့ရာ မြစ်ကြီးနား၊ မိုးညှင်း၊ ဖားကန့်ခရိုင်သုံးခုတွင် လက်ရှိအချိန်ထိ ဆိုင်ကယ်အစီးရေ ၉၀၀၀ ကျော်ခန့် ဆောင်ရွက်ခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က. ည. န)မှ သိရသည်။

ဩဂုတ်လ ၁၈ ရက်နေ့အထိမြစ်ကြီးနားခရိုင်တွင် ၄၄၆၈ စီး၊ မိုးညှင်းခရိုင်တွင် ၁၆၃၆ စီး၊ ဖားကန့်တွင် ၂၉၀၆ စီး ပြုလုပ်ပေးခဲ့ကြောင်း ဒုညွှန်ကြားရေးမှူးဦးစိုးမိုးပိုင်ထံမှ သိရသည်။

က. ည. နရုံးမှ ပုံမှန်ရုံးဖွင့်ရက်များတွင်သာမက ရုံးပိတ်ရက်များဖြစ်သည့် ဇွန်လ ၃၀ နှင့် ဇူလိုင်လ ၇ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ဇူလိုင်လ ၂၁ ရက်တွင် အထွေထွေအုပ်ချုပ်ရေးရုံးတို့မှ ဝန်ထမ်းများအတွက် သီးသန့်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာအပြင် ဩဂုတ်လ ၂၄ ရက်ကနည်းပညာတက္ကသိုလ်တွင်လည်း ပြုလုပ်ပေးခဲ့ကြောင်း၊ နည်းပညာတက္ကသိုလ်တွင် ဩဂုတ်လ ၂၁ ရက်အထိစာရင်းပေးထားသူ ၈၅ဦးရှိကြောင်း ဒုညွှန်ကြားရေးမှူး ဦးစိုးမိုးပိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။



"ဒုတိယက ကွန်ပျူတာတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်က နောက်နှစ်ပတ်လောက်မှကျမယ်၊ ရက်ကတော့ မသတ်မှတ်ရသေးဘူး။ ကွန်ပျူတာက ၆၂ ယောက်စာရင်းပေးထားတယ်၊ပြီးတော့ မြစ်ကြီးနားတက္ကသိုလ်က အခုမှ စာရင်းကောက်တုန်း ၃၀၀ ကျော်လောက်ရှိပြီ လို့တော့ ပြောတယ်"ဟု ဦးစိုးမိုးပိုင်က ပြောသည်။

ကချင်ပြည်နယ်တွင်၁၉၉၉ ခုနှစ်မှစ၍ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးခဲ့ရာထိုနှစ်တွင် နှစ်ကြိမ်၊ ၂၀၀၄၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၇ တို့တွင် တစ်ကြိမ်စီ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၇နှင့် ၂၀၁၈ ခုနှစ်တွင် KCN/---- လိုင်စင်များကို ထုတ်ပေးခဲ့ပြီး ယခင်နှစ်များက မကနနှင့် --ယ/ ----- လိုင်စင်များကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်လိုင်စင်များကို လာမည့် စက်တင်ဘာလ ၁၈ ရက်နေ့နောက်ဆုံးထားပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ann/ Benadeth

# ညဈေးတန်းနေရာ လမ်းခင်းမည်ဖြစ်၍ ဆိုင်ခန်းအချို့နေရာရွှေ့ပြောင်းမည်



ဩဂုတ် ၂၄

မြစ်ကြီးနားမြို့၊ ညဈေးတန်းတွင် လမ်းပြုပြင်မည်ဖြစ်၍ ရောင်းချနေသည့် ဈေးဆိုင်ခန်း ၅၀ ခန့်ကို လွတ်ကင်းသည့်နေရာသို့ ယာယီရွှေ့ပြောင်းထားမည် ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မလိခလမ်းမှ ကျွန်းရွှေဝါလမ်း (ညဈေးတန်းကြက်ဥကစော်ဆိုင်မှ ERKE ဖိနပ်ဆိုင်လမ်း)တစ်လျှောက် နိုင်လွန်ကတ္တရာခင်းမည် ဖြစ်သောကြောင့် မလွတ်ကင်းသည့် အထက်ပါဆိုင်များကို ရွှေ့ပြောင်းမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဒုတိယဦးစီးမှူး(ဈေး) ဦးဖြိုးဝေဆန်းက ပြောသည်။

"ဘတ်ဂျက်တောင် ကျပြီးနေပြီ။ မိုးမကုန်သေးလို့ စောင့်နေတာ။ မိုးကုန်တာနဲ့ တစ်ခါတည်းခင်းတော့မှာ။မိုးတွင်းက လမ်းခင်းလို့မရဘူးလေ"ဟု ဦးဖြိုးဝေဆန်းက ပြောသည်။

ယာယီပြောင်းရွှေ့မည့်နေရာများမှာ ဝိုင်းမော်ကူးတို့ဆိပ်လမ်း(ဘူတာကြီးရှေ့လမ်း)နှင့် ခရေပင်လမ်း (ကမ္ဘောဇဘဏ်လမ်း)သို့ ပြောင်းရွှေ့ချထားပေးမည် ဖြစ်ကြောင်းလည်း သိရသည်။

"ဘူတာရှေ့လမ်းကျတော့ ကျောင်းရှိတဲ့ဘက် အခြမ်းတော့မဟုတ်ဘူး။ ပွင့်ပွင့်ဆေးဆိုင်ရှေ့လမ်း ဖြစ်သွားမယ်။ ကမ္ဘောဇဘဏ်ဘေးမှာလည်း ဟိုဘက်က ညနေဈေးနဲ့တစ်ဆက်တည်း ဖြစ်သွားမယ်။ လောလောဆယ်တော့ အဲဒီလိုလျာထားတယ်"ဟုလည်း ဦးဖြိုးဝေဆန်းက ဆက်လက်ပြောသည်။

ယင်းသို့ ယာယီချထားပေးမည်ဆိုသော်လည်းဈေးရောင်းဈေးဝယ်အဆင်ပြေမှုရှိပြီး အထက်မှညွှန်ကြားပါက နေရာအတည်တကျ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လောလောဆယ်ကတော့ ယာယီပေါ့နော်။ အတည်ချထားလိုက်လို့ အထက်ကပြောလာရင်တော့ အတည်ဖြစ်သွားနိုင်တယ်။ ဈေးသည်တွေ အဆင်ပြေလို့ မရွှေ့ချင်ဘူးဆိုရင်လည်း အတည်ဖြစ်နိုင်တယ်။ သိပ်တော့မသေချာသေးပါဘူး"ဟုလည်းဦးဖြိုးဝေဆန်းက ဆက်လက်ရှင်းပြသည်။

ယင်းညဈေးတန်းလမ်းတစ်လျှောက် (နိုင်လွန်ရေခဲမုန့်ဆိုင်မှ မြတ်မွန်ဆေးခန်းလမ်း)တွင် အသီးဆိုင်များ အဝတ်အထည်ဆိုင်များ ထမင်းကြော်ဆိုင်များ ရောင်းချလျက်ရှိနေပြီး ဆိုင်ခန်းပေါင်း ၁၅၀ ခန့်ရှိကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၀၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ | ၂၅၀၀ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |

## ရွှေဈေး

| | |
|---|---|
| ခေါက်ရွှေ | ၉၅၅၀၀၀ |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၀၀၀၀၀ |

## ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom)

| | |
|---|---|
| KENBO | ၇၂၀၀၀၀ ကျပ် |
| CANDA | ၅၄၅၀၀၀ ကျပ် |
| SHAYAN | ၅၄၅၀၀၀ ကျပ် |
| FEELING | ၅၄၅၀၀၀ ကျပ် |
| JIA LING | ၆၅၀၀၀၀ ကျပ် |
| CYCLONE | ၉၈၅၀၀၀ ကျပ် |

မြစ်ကြီးနားသတင်းဂျာနယ်
(ဩဂုတ် ၂၇ ၊ ၂၀၁၈ )

# ကျောင်းများကို အဆင့်တိုးလိုက်သော်လည်း ကိုက်ညီသည့် ဆရာအင်အားမရှိ

မြစ်ကြီးနား၊ ဩဂုတ် ၂၁

ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် အထက်တန်းပြဆရာ အယောက်လေးရာခန့်လိုအပ်နေကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၂၅ ကျောင်းကို အထက်တန်း(ခွဲ) အဆင့်သို့ ၁၃ ကျောင်း၊ အထက်တန်းကျောင်းအဖြစ် ၁၂ ကျောင်း အဆင့်တိုးမြှင့်လိုက်ရာ ထိုကျောင်းများအတွက်ပါ အထက်တန်းပြ ဆရာ/မ ၃၉၆ ဦးလိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆင့်တိုးမြှင့်ထားသော ကျောင်းများတွင် ဖြည့်ဆည်းနိုင်ရေးအတွက် စစ်ကိုင်းပညာရေးတက္ကသိုလ် အမှတ်စဉ် (၂၇)မှ B.Ed ကျောင်းဆင်း ၃၆ ဦး၊ စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ် အမှတ်စဉ် (၂) မှ B.Ed ကျောင်းဆင်း ၂၇ ဦး၊ အလယ်တန်းပြမှ အထက်တန်းသို့ တိုးမြှင့်ရေးလျှောက်ထားသူ B.Ed ဘွဲ့ရ ၇၃ ဦး၊ B.Ed ဒုတိယနှစ်တက်ရောက်နေဆဲ အလယ်တန်းပြမှ အထက်တန်းသို့တိုးမြှင့်လျှောက်ထားသူ ၆၇ ဦး၊ M.A / M.Sc ဘွဲ့ရ အလယ်တန်းပြမှ အထက်တန်းပြသို့ တိုးမြှင့်လျှောက်ထားသူ ၁၀ ဦး၊ M.A / M.Sc ဘွဲ့ရ မူလတန်းပြမှ အထက်တန်းပြ (ယာယီ) သို့ တိုးမြှင့်လျှောက်ထားသူ ၉၉ ဦး စုစုပေါင်း အထက်တန်းပြ တိုးမြှင့်လျှောက်ထားသူ ၃၁၂ ဦးကို ပြည်ထောင်စု ခွင့်ပြုချက်ရရှိပါက ဖြည့်ဆည်းခန့်ထားသွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အခုကျွန်တော်တို့က ဆရာ၊ဆရာမအင်အားတွေ ဖြည့်ပေးနိုင်ဖို့လျာထားချက်စာရင်းတွေလုပ်ထားပြီ။ နေပြည်တော်ကို ရုံးကသွားပြီးမှ စာရင်းတွေ အတိုင်း တင်ပြတော့မယ်။ ရုံးချုပ်ကို စာရင်းတွေရောက်ရင်တော့ သူတို့ကနေစိစစ်ပြီးတာနဲ့ပြည်ထောင်စုဝန်ကြီးဆီ တင်ပြလိုက်မယ်။ အဲ့ဒါပြီးရင်တော့ ကချင်ပြည်နယ်အတွက် ဘယ်လောက် ခွင့်ပြုပေးတယ်ဆိုတာ သိရတော့မှာပါ”ဟု ဦးမင်းဦးက ပြောသည်။



ဆရာဆရာမလိုအပ်ချက်မှာ ကချင်ပြည်နယ်တစ်ပြည်နယ်တွင်သာမဟုတ်ဘဲ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လိုအပ်နေခြင်း ဖြစ်သည်။

ကချင်ပြည်နယ်တွင်အခြေခံပညာကျောင်းပေါင်း ၁၅၅၂ ကျောင်းဖွင့်လှစ်ထားပြီး ထိုအထဲတွင် အခြေခံပညာအထက်တန်းကျောင်း ၁၀၇ ကျောင်းနှင့် အထက်တန်းကျောင်းခွဲ ၆၈ ကျောင်း ပါဝင်သည်။

ဆိုင်း (ကချင်မြေ)

# ယခုစာသင်နှစ်တွင်လည်း ကျောင်းပေါင်း နှစ်ဆယ်ကျော်ပိတ်ထားရပြီး ကျောင်းသား ငါးထောင်ခန့် စစ်ဘေးတိမ်း ရှောင်နေရဟုဆို

မြစ်ကြီးနား၊ ဩဂုတ် ၂၁

ယခုစာသင်နှစ်တွင် တိုက်ပွဲများကြောင့် ပိတ်ထားရသည့် ကျောင်းပေါင်း ၂၂ ကျောင်းမှ ကျောင်းသား ၅၀၀၀ ခန့်မှာ ၎င်းတို့ခိုလှုံနေသည့် စစ်ရှောင်စခန်းများနှင့်နီးစပ်ရာကျောင်းများတွင် တက်ရောက်နေကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

အဆိုပါ ကျောင်းများအနက် တချို့ဒေသများမှာတိုက်ပွဲဖြစ်ပွားမှု မရှိတော့သော်လည်း သွားလာ ရေးအခက်အခဲများကြောင့် ပိတ်ထားရခြင်းဖြစ်သည်ဟုပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အခုချိန်မှာ တိုက်ပွဲကမဖြစ်တော့ဘူးဆိုပေမယ့် တချို့နယ်မြေက သွားလာဖို့မဖြစ်နိုင်သေးဘူး။ နောက်ပြီးတော့ တချို့နေရာဒေသတွေက ရာသီဥတုကြောင့်လည်း သွားလာလို့မရသလို၊ ရွာတွေမှာ လူတွေမရှိတော့လို့လည်း ကျောင်းတွေ ပိတ်ထားလိုက်ရတယ်။ ဥပမာ အင်ဂျန်းယန်မြို့နယ်ကကျောင်းတွေ လိုပေါ့”ဟု ဦးမင်းဦးက ဆက်ပြောသည်။



ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ အထက်တန်းကျောင်းသား ၃၉၀ ဦးနှင့် ကျောင်းသူ ၉၁၅ ဦး၊ အလယ်တန်းကျောင်းသား ၆၀၆ ဦးနှင့် ကျောင်းသူ ၇၂၆ ဦး၊ မူလတန်းကျောင်းသား ၈၀၆ ဦးနှင့် ကျောင်းသူ ၈၈၈ ဦး၊ တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့်စစ်ဘေးရှောင်ကျောင်းသူကျောင်းသား စုစုပေါင်း ၄၃၃၁ ဦးရှိပြီး နီးစပ်ရာကျောင်းများတွင် ပညာများ ဆက်လက် သင်ကြားလျက်ရှိကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်၊ မတ်လအထိ ရရှိသော အချက်အလက်များအရ ကချင်တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် အထက်တန်းကျောင်းသား ၄၃၃၂၄ဦး၊ အလယ်တန်းကျောင်းသား ၁၂၂၁၃၄ ဦး၊ မူလတန်းကျောင်းသား ၁၇၃၉၁၂ဦး စုစုပေါင်း ကျောင်းသူကျောင်းသား ၃၃၉၃၇၀ ဦး ပညာသင်ကြားနေသည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဆိုင်း(ကချင်မြေ)

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသူ/ သားများ ဝင်ခွင့်ကတ် စတင်ဝယ်ယူနိုင်ပြီ

မြစ်ကြီးနား၊ ဩဂုတ် ၂၄

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ/သားများအနေဖြင့် လာမည့် ဩဂုတ်လ ၃၀ ရက် နေ့မှစပြီး ဝင်ခွင့်လျှောက်လွှာ ဝယ်ယူလျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဌာနမှ ကြေညာထားသည်။

ပြင်ပဖြေဆိုမည့်သူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာတစ်စောင်ကို ၂၀၀ ကျပ်ဖြင့်ရောင်းချသွားမည်ဖြစ်ပြီး၊ စာမေးပွဲကြေးအတွက် ၇၀၀ ကျပ်တန် တံဆိပ်ခေါင်းဝယ်ယူကာ လျှောက်လွှာတွင်ကပ်ပြီး သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စက်တင်ဘာလ ၂၈ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများမှဖြေဆိုရန် လျှောက်လွှာတင်သွင်းကြမည့် ကျောင်းသူ/သားများအနေဖြင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဌာနသို့ ပေးပို့ကြရမည်ဖြစ်သည်။

ထိုဝင်ခွင့်လျှောက်လွှာများကို ဘာသာတွဲအမှတ်စဉ် ၁၊၅၊ ၆၊၇၊၈များအတွက် အစိမ်းရောင်ဝင်ခွင့် လျှောက်လွှာကတ်ပြားပုံစံ၊ ဘာသာတွဲအမှတ်စဉ် ၂၊၃၊၄ အတွက် ပန်းရောင်ဝင်ခွင့်လျှောက်များဖြင့် ကတ်ပြားပုံစံနှစ်မျိုး ခွဲခြားရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

သက်မှတ်ရက်အတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ရမည် မဟုတ်ကြောင်းနှင့် ဝင်ခွင့်လျှောက်လွှာကတ်ပြားမှ ဖော်ပြလျှောက်ထားသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲများကိုပြောင်းလဲဖြေဆိုခွင့်ခွင့်ပြုမည်မဟုတ်သောကြောင့် မိမိလျှောက်လွှာမှန်ကန်မှု ရှိ/မရှိကို သေချာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်ဟု ထုတ်ပြန်ကြေညာထားသည်။

မျိုးမြတ်မြတ်ပန်၊
ဆိုင်း(ကချင်မြေ)

## ဝန်ထမ်းအလိုရှိသည်

7 Cover မှ အရောင်းဝန်ထမ်းမ (၁) ဦးအလိုရှိသည်။

ဆယ်တန်းအောင်မြင်သူဖြစ်ရမည်။
လုပ်ငန်းကျွမ်းကျင်သူ ဦးစားပေးမည်။
အပြောအဆို ပြေပြစ် ချိုသာသူဖြစ်ရမည်။

အခြေခံ လစာ (၁၂၀၀၀၀) နှုန်းဖြစ်ပြီး ကြိုးစားမှုပေါ်မူ၍ လစာနှုန်းတိုးပေးသွားမည်။

ဆက်သွယ်ရန်
အမှတ် (၁)၊ ရဲစခန်းမျက်စောင်းထိုး မီးပွိုင့်လမ်းထောင့်၊ မြစ်ကြီးနားမြို့

# ဆယ်ကျော်သက် ကောင်လေးတွေ စုဖွဲ့ထားတဲ့ တက်သစ်စ အကအဖွဲ့ Awesome Boyz Dance Crew နှင့် တွေ့ဆုံမေးမြန်းခြင်း

ယခုတစ်ပတ်ရဲ့အနုပညာကဏ္ဍမှာတော့ မြစ်ကြီးနားမြို့မှာ ဆယ်ကျော်သက် ကောင်လေး ခုနှစ်ယောက် သီးသန့်စုဖွဲ့ထားတဲ့ Awesome Boyz Dance Crew အဖွဲ့နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

အကအဖွဲ့ဟာ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှာ အဖွဲ့ဝင် ၇ ယောက်နဲ့ စတင်ဖွဲ့စည်းထားတဲ့ လူငယ်အကဖွဲ့ ဖြစ်ပြီး အသက်အားဖြင့် ၁၈ နှစ်၊ ၁၉ နှစ်အရွယ်တွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ပါ။ သူတို့ထဲမှာ တက္ကသိုလ်ပထမနှစ် ကျောင်းသားတွေနဲ့ အထက်တန်းကျောင်းသားတစ်ဦး ပါဝင်ကြောင်း သိရပါတယ်။

အဲဒီလူငယ်အဖွဲ့က စတင်ဖွဲ့စည်းပြီးဆယ်ရက်အကြာမှာ သူတို့ရဲ့ ပွဲဦးထွက်စင်မြင့်ဖျော်ဖြေပွဲတစ်ခုကို စတင်ဖျော်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီဖျော်ဖြေပွဲမှာ တီထွင်ဆန်းသစ်တဲ့ ကကွက်တွေနဲ့ ကပြခဲ့တာကြောင့် ပရိသတ်အားပေးမှုကို ရရှိခဲ့ပါတယ်။

ဆယ်ကျော်သက်လေးတွေဖြစ်ပေမယ့် ကိုယ်ယုံကြည်လမ်းကို တစ်စိုက်မတ်မတ် လျှောက်လှမ်းနေကြတဲ့ အကအဖွဲ့နဲ့တွေ့ဆုံမေးမြန်းထားသမျှကို မြစ်ကြီးနားဂျာနယ်ပရိသတ်ကြီးအတွက် ဖော်ပြလိုက်ပါတယ်။

**MNJ - ပထမဦးဆုံးအနေနဲ့ အဖွဲ့သားတွေရဲ့ နာမည်လေးတွေကို မိတ်ဆက်ပေးပါဦး။**

DDL - ဟုတ် ကျွန်တော့်တို့ အဖွဲ့ဝင် ၇ ယောက်ရဲ့ နာမည်တွေကတော့ Elia, Joez, David, Gum Ring Aung, Yaw Shu, Kyaw Min Tun နဲ့ ကျွန်တော် Kareng Dan Doi La တို့ဖြစ်ပါတယ်။

**MNJ - အဖွဲ့နာမည်ကို ပေးဖြစ်ပုံလေးလည်း သိချင်ပါတယ်။**

Elia - အဖွဲ့နာမည်ကိုတော့ ကျွန်တော်ပဲ ပေးဖြစ်သွားတာပါ။ ကျွန်တော်ဆယ်တန်းပြီးတုန်းက အခြားအဖွဲ့မှာ စ'ကဖြစ်တယ်။ အဲ့ဒီအဖွဲ့က အဖွဲ့ဝင်တစ်ယောက်က နာမည်ရှာရင်း Awesome Boyz လို့ ပြောသွားရင်း အခုထိ အဲ့ဒီနာမည်နဲ့ပဲ လုပ်ဖြစ်သွားတာပါ။

**MNJ - ပြီးတော့ ဒီ Awesome Boyz ဆိုတဲ့အဖွဲ့ ဖြစ်လာဖို့ ဘယ်လိုတွေ ကြိုးပမ်းခဲ့ရလဲ။**

ABDC - ဘယ်လိုတွေ ကြိုးပမ်းခဲ့လဲဆိုရင် အစကတော့ ကျွန်တော့်တို့အဖွဲ့ဝင် ၁၂ ယောက်နဲ့ စတင်ခဲ့တယ်၊ နောက်ပိုင်းကျတော့ အဖွဲ့ဝင် အကုန်ကွဲကုန်တော့ ကျွန်တော်တို့ အကပါရမီရှိတဲ့သူတွေစုပြီး ဖွဲ့ရင်ကောင်းမယ်ဆိုပြီး ကျွန်တော်တို့ ၇ ယောက်စုဖြစ်ပြီး အကဖွဲ့လေးကိုဖွဲ့ခဲ့တယ်၊ အရမ်းလည်း ကြိုးစားခဲ့ရပါတယ်။

**MNJ - အဖွဲ့ဝင်တွေရော ဘယ်လိုစုပြီးတော့ ခေါင်းဆောင်ကို ဘယ်လိုရွေးဖြစ်ခဲ့လဲဆိုတာ ပြောပြပေးပါဦး။**

ABDC - အဒန့်ပဲ ပြောလိုက်တော့မယ်နော်၊ ဟုတ်၊ ကျွန်တော်တို့ အဖွဲ့ဝင်တွေကိုတော့ခေါင်းဆောင် အဲလိယပဲရွေးခဲ့တာပါ။ ဘယ်လိုရွေးလည်းဆိုတော့ ကျွန်တော့်တို့ ၆ယောက်က အကကျင့်ပြီဆိုရင် Facebook ပေါ်တင်လေ့ရှိကြတယ်။ အဲ့ဒါကို ကျွန်တော်တို့ခေါင်းဆောင်ကမြင်သွားပြီး သဘောကျသွားလို့ပေါ့နော်။ အွန်လိုင်းကနေ ချိတ်ဆက်ပြီး ကျွန်တော်တို့ ခေါ်ပြီးစုဖြစ်သွားတယ်လို့ ပြောရမှာပေါ့။ ခေါင်းဆောင်ကိုယ်တိုင် ကျွန်တော်တို့ကို ရွေးတယ်ဆိုတော့ ကျွန်တော်တို့က သူခေါင်းဆောင်ဆိုတာကို လက်ခံပြီးသားပါ။

**MNJ - ကဖြစ်ခဲ့တဲ့ ကပွဲအတွေ့အကြုံမှာ အခက်အခဲတွေရောရှိလား။ အဖွဲ့ကိုယ်စား တစ်ယောက်လောက် ဖြေကြားပေးစေချင်ပါတယ်။**

Jozeph - ဟုတ်ကဲ့ ကျွန်တော်တို့ ကဖြစ်တဲ့ပွဲတွေကများတယ်လို့ ပြောရမှာပေါ့နော်၊ အထူးသဖြင့် ကျွန်တော်တို့အဖွဲ့က တက္ကသိုလ်ကျောင်းသားတွေများတယ်ဆိုတော့ တစ်ယောက်ရဲ့မေဂျာ Welcome ဆိုရင်လည်း ကဖြစ်လိုက်တာပဲ၊ ပွဲကြီးအနေနဲ့ဆိုရင်တော့ Miss Myanmar Beauty Paradise Myitkyina 2018, Miss JLH 2018 Myitkyina ပြိုင်ပွဲကြီးတွေမှာ ဖိတ်ခေါ်လို့ကဖြစ်တာတွေရှိပါတယ်။ အခက်အခဲဆိုရင်တော့ သိပ်မရှိပါဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တို့က အရမ်းစည်းလုံးကြလို့ပေါ့နော်။




**MNJ - မောင်လေးတို့ အကက ဆန်းသစ်တာကိုတွေ့ရတယ်၊ ပြီးတော့ မိန်းကလေးအကဆိုလည်း ကနိုင်တယ်ပေါ့နော်။ အဲ့လိုရအောင် ဘယ်လိုတွေ လေ့ကျင့်ဖြစ်ခဲ့လဲ။**

DDL - အခုလိုမြင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဟုတ် ကျွန်တော်တို့က ပထမဦးဆုံး သီချင်းရွေးပြီဆိုရင် ၇ ယောက်ဆိုထားတဲ့သီချင်းကို အများဆုံးရွေးဖြစ်လေ့ရှိတယ်၊ ကျွန်တော်တို့လည်း ၇ ယောက်လေ။ အဲ့ဒီတော့ကိုယ့်အပိုင်းနဲ့ ကိုယ် ခွဲပြီးလေ့ကျင့်ဖြစ်တယ်။ ပြီးမှအားလုံးစုံတဲ့အခါ ကိုယ့်အပိုင်းရောက်ပြီဆိုရင် ကိုယ်ကဦးဆောင်ပြီး တိုက်ပေးတယ်၊ သူ့အပိုင်းဆိုရင်လည်း အဲ့လိုလေ့ကျင့်ဖြစ်ပါတယ်။ ကျွန်တော်တို့က သီချင်းတွေဆက်ပြီး ကလေ့ရှိတယ်ဆိုတော့ မိန်းကလေးသီချင်းလည်းပါတယ်ပေါ့နော်။ ဘာလို့လဲဆိုတော့ မိန်းကလေးပရိသတ်တွေရော လိုက်ဆိုနိုင်အောင်ရည်ရွယ်ပြီး ကျွန်တော်တို့အကောင်းဆုံးကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော်တို့ ကြိုးစားအားထုတ်မှုရလဒ်တစ်ခုရလိုက်တဲ့ အတွက်ဝမ်းသာရပါတယ်။

**MNJ - အကအမျိုးအစားအနေနဲ့ရော ဘယ်လောက်ကဖြစ်လဲပေါ့နော်။**

DDL - ကျွန်တော်တို့ ခေါင်းဆောင်အမြဲပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ အဲ့ဒါကတော့ နင်ဒီတစ်ခုပဲတတ်တယ်ဆိုပြီး နှစ်သိမ့်နေလို့မရဘူး၊ အားလုံးတတ်ထားရမယ်၊ အဲ့ဒီအက မကတတ်ဘူး၊ မကချင်ဘူး၊ အဲ့လိုမဖြစ်အောင် အမြဲအားပေးပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ အကအမျိုးအစားစုံအောင်တော့ ကဖြစ်ပါတယ်။ က ဖြစ်တဲ့အကအမျိုးအစားဆိုရင်တော့ BBoying dance,Sweet dance(girl dance), K-Pop dance, Robot dance စုံအောင်တော့ ကဖြစ်ပါတယ်။

**MNJ - အခုမောင်လေးတို့က ဘယ်အတိုင်းအတာထိ မှန်းထားတာလဲ။ ပြီးတော့ကျောင်းက တစ်ဖက်နဲ့ဆိုတော့ ရှေ့ဆက်ဘယ်လိုလုပ်သွားဖို့ အစီအစဉ်ရှိလဲဆိုတာ သိချင်ပါတယ်။**

Elia - ကျွန်တော်တို့အဖွဲ့က International အထိတော့ မှန်းထားပါတယ်၊ ကျွန်တော်တို့အဖွဲ့က အခုမှကြိုးစားနေဆဲပေါ့နော်။ ပြီးတော့ကျောင်းကတစ်ဖက်နဲ့ဆိုတော့ အတတ်နိုင်ဆုံးတော့ Balance ဖြစ်အောင်တော့ ကျွန်တော်တို့အကောင်းဆုံး ကြိုးစားနေပါတယ်။

**MNJ - လေးစားရတဲ့ ပြည်တွင်းပြည်ပက အကအဖွဲ့တွေရော ရှိလား။**

ABDC - ဟုတ်ရှိပါတယ်။ ကျွန်တော်တို့အားလုံးနီးပါး လေးစားရတဲ့အက အဖွဲ့ဆိုရင်၊ ဒေးဗစ်ကတော့ Forever Friend Dance Crew ၊ ဂျိုးဇက်ကတော့ Bigbang ပါ။

**MNJ - မောင်လေးတို့ထဲမှာ အသက်ကြီးဆုံးနဲ့ အငယ်ဆုံးကဘယ်သူလဲ၊ ပြီးတော့အဖွဲ့ဝင်တစ်ယောက်ချင်းရဲ့ မတူညီတဲ့အချက်ဆိုရင်ရော။**

ABDC - အဖွဲ့ထဲမှာ အသက်အကြီးဆုံးကတော့ Min ပါ၊ ပြီးတော့ အငယ်ဆုံးကတော့ ဂျိုးဇက်ပါ၊ ကျွန်တော်တို့ အားလုံးက လပိုင်းပဲကွာကြပါတယ်။ မတူညီတဲ့အချက်ဆိုရင်တော့ အားလုံးထဲမှာ အဲလိယက အကပိုတော်တယ်၊ Min ဆိုရင်လည်း သရုပ်ဆောင်တော်တယ်၊ ယောရှုက အဆိုတော်တယ်၊ ဂွန်ရိန်အောင်က ကိုးရီးယားစကား ကျွမ်းကျင်တယ်၊ ဒေးဗစ်က စကားပြောစွမ်းရည် အရမ်းကောင်းတယ်၊ ဂျိုးဇက်ကတော့ စကားနည်းတယ်။ ပြီးတော့ ကျွန်တော်ကတော့ စိတ်အားအရမ်းငယ်တတ်တယ်။ ကျွမ်းကျင်တဲ့အပိုင်းဆိုရင်တော့ Presenter နဲ့ သရုပ်ဆောင်ပိုင်းပါ။

**MNJ - ပြီးတော့အဖွဲ့နဲ့ပတ်သက်ပြီး ပရိသတ်တွေ မသိသေးတဲ့ ထူးခြားတဲ့အချက်ဆိုရင်ရော ဘာဖြစ်မလဲ။**

ABDC - ကျွန်တော်တို့အဖွဲ့ရဲ့ ထူးခြားတဲ့အချက်ဆိုရင်တော့ အကမကမီ အမြဲတမ်းဆုတောင်းဖြစ်တယ်။ အဖွဲ့ထဲမှာ Min က ဗုဒ္ဓဘာသာဆိုပေမယ့် ဘာသာရေးလည်းမခွဲခြားဘူး။ အဲ့ဒါကတော့ချစ်စရာကောင်းတဲ့အချက်လို့လည်း ပြောလို့ရပါတယ်။

**MNJ - မောင်လေးတို့အဖွဲ့အနေနဲ့ အကအဖွဲ့ဖွဲ့ဖို့ကြိုးစားနေတဲ့ တခြားညီငယ်၊ ညီမငယ်တွေကို ဘာများပြောချင်လဲ။**

Dan။ ။ဟုတ် အဓိကပြောချင်တာကတော့ အဖွဲ့နဲ့အလုပ်လုပ်တယ်ဆိုတော့ သည်းခံရမယ်၊ စည်းလုံးရမယ်၊ ဇွဲမလျှော့ဘဲနဲ့ ကြိုးစားကြဖို့ တိုက်တွန်းချင်ပါတယ်။

**MNJ - နောက်ဆုံးအနေနဲ့ ပရိသတ်တွေကို စကားလက်ဆောင်ပြောပေးပါအုံး။**

ABDC - ဟုတ်အခုလိုမပြည့်စုံသေးပေမယ့် အားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးအများကြီးတင်မိပါတယ်။ ကျွန်တော်တို့အဖွဲ့က ၂၀၁၉ မှာ Glaxy Star ပြိုင်ပွဲဝင်ဖို့ အစီအစဉ်တွေရော ရှိပါတယ်။ အဲ့အခါကျရင်လည်း အားပေးကြပါဦး။ ကျွန်တော်တို့လည်း ပရိသတ်တွေ စိတ်မပျက်အောင် အကောင်းဆုံးကြိုးစားသွားမှာပါလို့ ပြောချင်ပါတယ်။

**MNJ - အခုလိုဖြေကြားပေးတဲ့ မောင်လေးတို့ အကအဖွဲ့ကို ကျေးဇူးအများကြီး တင်ပါတယ်။**

ABDC - ဟုတ်ကျွန်တော်တို့အဖွဲ့ကို အခုလိုအချိန်ပေးပြီး လာရောက်မေးမြန်းပေးတဲ့ မြစ်ကြီးနားသတင်းဂျာနယ်ကိုလည်း အများကြီးကျေးဇူးတင်မိပါတယ်။

Benadeth

မြစ်ကြီးနားသတင်းဂျာနယ်
(ဩဂုတ် ၂၇ ၊ ၂၀၁၈)

# ၂၀၁၈ ခုနှစ် မြစ်ကြီးနားမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

၂၀၁၈ ခုနှစ်မြစ်ကြီးနားမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၄. ၈. ၂၀၁၈ နေ့တွင် ပြည်နယ်အားကစားကွင်း (မိုးလုံလေလုံ)၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားကို ထိုနေ့ နေ့လည် ၂ နာရီအချိန်မှစ၍ ကချင်အနုပညာရှင်များ၏ အဆို၊ အက ဖျော်ဖြေမှုများနှင့်အတူ စည်ကားခမ်းနားစွာ စတင်ခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းစုစုပေါင်းအသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းသစ်အနေဖြင့် ယခင်နှစ်များတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မရှိခဲ့သည့် တာလောကြီးကျေးရွာအသင်း ပါဝင်လာကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါပြိုင်ပွဲသည် မြို့နယ်ဘောလုံး


Photo - Ah Tong

အဖွဲ့ချုပ် ဖွဲ့စည်းနိုင်ခဲ့ပြီးနောက် ပထမဦးဆုံးအကြိမ် အဖွဲ့ချုပ်မှ ဦးဆောင်ကျင်းပပေးသောပြိုင်ပွဲဖြစ်ပြီး အောင်မြင်ချောမွေ့စွာ ကျင်းပပြီး ပြီးစီးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ထားပါကြောင်း၊ အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်စေလိုကြောင်း ၊ တာဝန်ရှိ ဒိုင်လူကြီးများအနေဖြင့်လည်း တတ်နိုင်သမျှ အမှားအယွင်းနည်းအောင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း အဖွဲ့ချုပ်အနေဖြင့်လည်းမြို့နယ်ဘောလုံးအားကစားတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြစ်ကြီးနားမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက အဖွင့်အမှာစကားပြောဆိုရာတွင် ထည့်သွင်းပြောဆိုသွားခဲ့သည်။

ကိုပြည့်စုံ (T.U)

## ဆဲလ်တာဗီဂိုတိုက်စစ်မှူး အက်စ်ပက်အားခေါ်ယူရန် ရီးရဲလ်အသင်း သဘောတူညီမှုရရှိခဲ့ပြီးဟု သတင်းများထွက်ပေါ်

စပိန်ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လာလီဂါပြိုင်ဘက် ဆဲလ်တာဗီဂိုအသင်းမှ စပိန်လက်ရွေးစင်တိုက်စစ်မှူး လာဂိုအက်စ်စပက်အားခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟု စပိန်အခြေစိုက်သတင်းများက ဖော်ပြခဲ့ကြကြောင်း သိရှိရပါသည်။

ချန်ပီယံလိဂ် ၃ နှစ်ဆက် ချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းသည် ၎င်းတို့၏ အဓိကကစားသမားရိုနယ်ဒို ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် အသင်းကို ပြန်လည်အားဖြည့်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ စပိန်သတင်းတစ်ရပ်၏ဖော်ပြချက်အရ ရီးရဲလ်မက်ဒရစ်အသင်းသည် အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ တိုက်စစ်မှူးအက်စ်ပက်အားယူရိုသန်း၄၀ဝန်းကျင်ခန့်ဖြင့် အပြီးသက်ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။



တိုက်စစ်မှူးအက်စ်ပက်သည် အသက် ၃၁နှစ်အရွယ်ရှိပြီးဖြစ်ပြီး ဆဲလ်တာဗီဂိုအသင်းနှင့်အတူ ၃၀၆ ပွဲ ကစားခဲ့ပြီး၊ ၁၂၁ ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။


## တူရကီနိုင်ငံ၏ ပြည်သူ့အားလပ်ရက်များကြောင့် ဘက်ဆစ်တပ်အသင်းသို့ပြောင်းရွှေ့မည့်ကာရီးယက်၏ အပြောင်းအရွှေ့ ကြန့်ကြာနေ



ပရီမီးယားလိဂ်ကလပ် လီဗာပူးအသင်းမှ ဂိုးသမားလိုရစ် ကာရီးယက်စ်သည် တူရကီကလပ်ဘက်ဆစ်တပ်အသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးလျက်ရှိပြီး အဆိုပါအပြောင်းအရွှေ့ဆွေးနွေးမှုများသည် တူရကီနိုင်ငံ၏အမျိုးသားနေ့ အားလပ်ရက်များကြောင့် နှောင့်နှေးကြန့်ကြာလျက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းနှင့် ဘက်ဆစ်တပ်အသင်းတို့သည် ဂိုးသမား ကာရီယက်အတွက် ပြောင်းရွှေ့ကြေးပေါင် ၉. ၅ သန်းဖြင့် သဘောတူညီထားပြီဖြစ်ကြောင်းသိရသည်။ ကလပ်အသင်းများမှ အတည်ပြုထုတ်ပြန်ချက်မရှိသေးသော်လည်း Liverpool Echo ၏ သတင်းများအရ အပြောင်းအရွှေ့မှာ ပြီးစီးရန်နီးစပ်နေပြီဖြစ်ပြီး၊ တူရကီနိုင်ငံ၏ အားလပ်ရက်(၄)ရက်ကြောင့်သာ နှောင့်နှေးကြန့်ကြာနေရခြင်း ဖြစ်ကြောင်း သိရသည်။

## ကွင်းလယ်ကစားသမား ရာကီတစ်အတွက် ပြောင်းရွှေ့ကြေးပေါင် ၈၁ သန်းရရှိရန် ဘာစီလိုနာအသင်းမျှော်လင့်




စပိန်ကလပ် ဘာစီလိုနာအသင်းသည် အသင်း၏ခရိုအေးရှားကွင်းလယ်ကစားသမားအီဗန်ရာကီတစ်၏ပြောင်းရွှေ့ကြေးအား ပေါင် ၈၁ သန်းခန့်ရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

သတင်းများအရ ကွင်းလယ်ကစားသမား ရာကီတစ်အား ပြင်သစ်ထိပ်သီးကလပ် PSG အသင်းက ခေါ်ယူရန်အလိုရှိနေပြီး အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ ယခုသီတင်းပတ်အတွင်း ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ အသက် ၃၀ နှစ်အရွယ်ရှိရာကီတစ်သည်ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်း ၃ နှစ် ကျန်ရှိနေသေးပြီး စာချုပ်လျှော်ကြေး ပေါင် ၁၀၇ သန်း ချုပ်ဆိုထားကြောင်း သိရသည်။

ကိုပြည့်စုံ (T.U)

## ကွင်းလယ်ကစားသမား အိုလ်ဇေးအား အကောင်းဆုံးခြေစွမ်း ပြည်လည်ရရှိရန် မိမိနှင့်အာဆင်နယ်အသင်းက အားပေးကူညီသွားမည်ဟု အာဆင်နယ်နည်းပြ အူနိုင်းအမ်မရီ ပြောဆို

အာဆင်နယ်အသင်း၏ နည်းပြသစ် အူနိုင်းအမ်မရီက အသင်း၏ ကွင်းလယ်ကစားသမား အိုလ်ဇေးအား အကောင်းဆုံးခြေစွမ်း ပြန်လည်ရရှိနိုင်ရန် မိမိနှင့်အာဆင်နယ်တစ်သင်းလုံးက ဆက်လက်အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

အာဆင်နယ်အသင်း၏ ဂျာမဏီလက်ရွေးစင် ကွင်းလယ်ကစားသမား အိုလ်ဇေးသည် ဂျာမဏီအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်း၊ လူမျိုးရေးခွဲခြားမှု ပြဿနာများကြောင့် ဂျာမဏီလက်ရွေးစင်အသင်းမှ အနားယူရန် ကြေညာခဲ့ခြင်းစသည့် ကွင်းပြင်ပပြဿနာများကြောင့် ပုံမှန်ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရခြင်းဖြစ်သည်ဟု အမ်မရီကယူဆနေခြင်းဖြစ်သည်။




နည်းပြ အူနိုင်းအမ်မရီက အိုလ်ဇေးနှင့် ပတ်သက်၍ "ကျွန်တော်နဲ့ အသင်းက သူ့ကို ကူညီဖို့ အသင့်ပါ။ အသင်းက သူ့ရဲ့မိသားစုပါပဲ။ ဒီအကြောင်းကို အကောင်းဆုံးပြောဆိုဆွေးနွေးပြီး သူ့ကိုဝိုင်းဝိုင်းဖေးမသွားမှာပါ။ ကျွန်တော်တို့သူ့ကိုမရှိမဖြစ်လိုအပ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

# ယူနန်ပြည်နယ် ရွှေလီမြို့တွင် "One Stop Service" ဖွင့်လှစ်၍ ပြည်ပနိုင်ငံခြားသားများ အဆင်ပြေစေရန် ဝန်ဆောင်မှုများပေးနေ



ယူနန်ပြည်နယ်ရွှေလီမြို့သည် တရုတ်နိုင်ငံတွင် မြန်မာနိုင်ငံနှင့် ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးပြုလုပ်သည့် အကြီးမားဆုံးသော ကုန်းလမ်းဆိပ်ကမ်းဖြစ်ပါသည်။ ရွှေလီမြို့ နိုင်ငံတော်အလေးပေး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စမ်းသပ်ရေးဇုန် တည်ဆောက်မှုများအဆက်မပြတ် တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ရွှေလီမြို့နှင့် မြန်မာနိုင်ငံတို့၏ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမှာလည်း တစ်နေ့တခြား ပိုမိုတိုးတက်များပြားလာပြီး နယ်စပ်ဝင်ထွက်သည့် ပြည်ပနိုင်ငံသားလူဦးရေမှာလည်း တိုးများလာခဲ့ပါသည်။ ထို့ကြောင့် နယ်စပ်ဝင် ပြည်ပနိုင်ငံခြားသားများ လိုအပ်သည့် လက်မှတ်ထောက်ခံချက်များကို တစ်နေရာတည်းတွင် အဆင်ပြေစွာ လုပ်ဆောင်နိုင်ရန်အတွက် ၂၀၁၃ခုနှစ်၊ ဇွန်လ၊ ၁၈ရက်နေ့တွင် ရွှေလီမြို့၌ပြည်ပနိုင်ငံခြားသား ဝန်ဆောင်မှုစီမံခန့်ခွဲရေးစင်တာကို ဖွင့်လှစ်ထူထောင်ခဲ့ပြီး မှတ်ပုံတင်လျှောက်ထားမှု၊ ကျန်းမာရေးစစ်ဆေးမှု၊ အချက်အလက်စုဆောင်းမှု၊ နေထိုင်ခွင့်လက်မှတ်၊ လုပ်ငန်းလုပ်ကိုင်ခွင့် စသည့် ထောက်ခံချက်လက်မှတ် ဝန်ဆောင်မှု(၅)ခုကို ဇယားတစ်ခုတည်းဖြင့် ခွင့်ပြုပေးသည့် "One Stop Service" ဝန်ဆောင်မှု စင်တာများဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလအထိ ရွှေလီမြို့ရှိ ပြည်ပနိုင်ငံခြားသားဝန်ဆောင်မှုစီမံခန့်ခွဲမှုစင်တာတွင် နိုင်ငံခြားသား (၃၃၂၅၈) ဦး၊ ကျန်းမာရေးစစ်ဆေးသူ (၃၂၆၇၆)ဦး၊ နေထိုင်ခွင့်လျှောက်ထားသူ(၃၂၅၈၂) ဦးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သူ (၃၀၅၄၃)ဦးရှိကြောင်း သိရသည်။

ပေါက်ဖော် မြန်မာသတင်းစာ



ဇန်နဝါရီလ(၁၁)ရက်နေ့က ပြည်ပနိုင်ငံခြားသားများ ရွှေလီမြို့ နိုင်ငံခြားသားဝန်ဆောင်မှု စီမံခန့်ခွဲရေးစင်တာတွင် စုံစမ်းမေးမြန်းနေကြစဉ်

# မိုးကောင်း Selection ဘောလုံးအသင်း Grand Final သွားရောက် ယှဉ်ပြိုင်မည်

ဩဂုတ် ၂၂

ဩဂုတ်လ ၁၈ ရက်နေ့က ယှဉ်ပြိုင်ခဲ့သော We are one cup (မြစ်ကြီးနား) နောက်ဆုံးဗိုလ်လုပွဲ၌မိုးကောင်းSelection အသင်းက Kachin Real အသင်းကို ၁ - ၀ ဖြင့် အနိုင်ရရှိကာ Grand Final ပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

ယင်း ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့အပြင် ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ တောင်ကြီး၊ လားရှိုး၊ မော်လမြိုင်၊ မကွေးမြို့တို့တွင်လည်း ကျင်းပခဲ့ရာ ပထမရရှိခဲ့သည့် အသင်းများသည် တောင်ကြီးမြို့တွင် Grand Final ပွဲ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဒ် ဒိုင်လူကြီးဟောင်း ကိုသူရိန်စိုးက ပြောသည်။



တောင်ကြီးမြို့တွင် ကျင်းပမည့် We Are One Cup 2018, Grand Final ပွဲစဉ်သို့ စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ ကချင်ပြည်နယ်မှ မိုးကောင်း Selection အသင်း သွားရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ဆုကြေးငွေကို ချန်ပီယံအသင်းအား ကျပ်သိန်း ၅၀၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆု ၁၉ သိန်း၊ စတုတ္ထဆု ၁၇ သိန်းနှင့် ပဉ္စမဆုမှ အဋ္ဌမဆုအထိ ကျပ် ၁၅ သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာဘီယာမှ အနိုင်ရမြို့များ၏ ဘောလုံးအဖွဲ့ချုပ်များနှင့် ကော်မတီများထံသို့ ချန်ပီယံအသင်းမြို့အတွက် ၂၅ သိန်း၊ ဒုတိယ သိန်း ၂၀၊ တတိယ ၁၇ သိန်း၊ စတုတ္ထ ၁၃ သိန်း၊ ပဉ္စမမှ အဋ္ဌမမြို့များအတွက် ၁၀ သိန်းစီ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း we are one cup လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

We are one cup 2018 (မြစ်ကြီးနား)ဘောလုံးပြိုင်ပွဲကို ဇွန်လ ၁၀ ရက်နေ့မှ စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ကလပ်အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အုပ်စု ၈ စုခွဲ၍ ယှဉ်ပြိုင်ကစားကြခြင်းဖြစ်ပြီး ပွဲချိန်ကို ညနေ ၂ နာရီတွင် တစ်ပွဲ၊ ၄ နာရီတွင် တစ်ပွဲ၊ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

Salai






## ခါကာဘိုရာဇီထဲက စိမ့်စမ်းရေ

ရေသန့်စက်ရုံဝင်းထဲ ဝင်လိုက်တာနဲ့ ရာဘာပင်တန်းတွေ ပတ်ပတ်လည် ကာရံထားတဲ့ခြံဝင်း တော်တော်ကျယ်တယ်ဆိုတာ သတိထားမိတယ်။ စက်ရုံအတွင်းဘက်မှာသာမကဘဲ ဝင်းပတ်ပတ်လည်မှာတောင် ချုံတွေအမှိုက်တွေ ရှိမနေဘဲ ရှင်းလင်းနေတယ်။ စက်ရုံအတွင်းဘက်မှာလည်း သူ့နေရာနဲ့သူ ပြောင်ပြောင် ရှင်းရှင်း။

စက်ရုံလုပ်သားတွေကလည်း ယူနီဖောင်း၊ လည်ရှည်ဖိနပ်၊ နှာခေါင်းစည်း၊ ခေါင်းအုပ်၊ လက်အိတ်တွေနဲ့ အလုပ်လုပ်နေကြတာ တွေ့ရတယ်။ ဒီအတိုင်းစက်ရုံထဲ ဝင်သွားဖို့လုပ်တော့ Mask တစ်ခု လှမ်းပေးပြီး ဖိနပ်လဲဖို့ပြောတယ်။ စက်ရုံဝန်ထမ်းတွေအပြင် မည်သူမဆို စက်ရုံထဲမဝင်ခင် ခြေလက်ဆေးကြောရတယ်။ Auto filling ရေဖြည့်ခန်းထဲဝင်မယ့် လုပ်သားကတော့ ပိုးသတ်ထားတဲ့ အပေါ်ခြုံအင်္ကျီနဲ့ ခေါင်းစွပ်သေချာစွပ်ပြီးမှ ဝင်ရတာလည်း တွေ့ရတယ်။

ခါကာဘိုရာဇီရေသန့်ကို 330ml, 600ml, 1 liter 5 liter 10 liter နဲ့ 20 Liter ဆိုပြီး ပုံစံစုံဘူးလေးတွေနဲ့ ထုတ်လုပ်ထားပြီး ရေဘူးလေးတွေကလည်း ချစ်စရာ။ ရေဘူးတွေကို ရေသန့်ရေပူဖြင့် ဘူးဆေးခြင်း၊ ရေသန့်ဖြင့် ဘူးဆေးခြင်း၊ ရေသန့်ရေပူဖြင့် ဘူးအချောဆေးခြင်းဆိုပြီး အဆင့်ဆင့် ဆေးကြောနေတာကိုလည်း တွေ့ရတယ်။

ဒီရေသန့်ကို Natural Spring water (သဘာဝစိမ့်စမ်းရေ)နဲ့ RO ဆိုပြီး နှစ်မျိုးထုတ်လုပ်ထားပြီး Natural spring water ကို ကချင်ပြည်နယ်မှာ ပထမဆုံး ထုတ်လုပ်နိုင်တဲ့ စက်ရုံလည်း ဖြစ်ပါတယ်။ Natural spring water ဟာ PH Level 7.3 ဝန်းကျင်အထိရှိပြီး သတ္တုဓာတ်ငါးမျိုး ပါဝင်တဲ့အတွက် ခွန်အားတိုးစေတဲ့အပြင် ကျန်းမာရေးကို အထူးအထောက်အကူပြုတာလည်း သိရပါတယ်။

ရိုးရိုးရေသန့်တွေနဲ့မတူတဲ့အချက်က RO System ဆိုတာ ရေကို သဲကျောက် ကာဗွန်တွေနဲ့ စစ်ထုတ်ပြီး ကျန်တဲ့ မသန့်စင်တဲ့အရာတွေကို ရေဖိအားနဲ့ တစ်ဖက်ပိတ်အမြှေးပါးကို ဖြတ်သန်းစေပြီး ရေသန့်ထုတ်ယူတဲ့နည်းပါ ရေထဲမှာ ပျော်ဝင်ပြီးတဲ့အရာတွေနဲ့ အနည်တွေကိုပါ ဖယ်ရှားပေးနိုင်တဲ့အတွက် အဆင့်မြင့်နည်းစနစ်တစ်ခုလို့ ပြောရမှာပါ။ တချို့တွေက ရေသန့်ဆိုအတူတူချည်းပဲလို့ ပြောတတ်ကြတယ်။ ဘယ်ရေသန့်က ပိုအန္တရာယ်ကင်းမလဲ၊ ဘယ်ရေသန့်ကတော့ ကျန်းမာရေးအတွက် စိတ်ချရမလဲဆိုတာကိုတော့ ရွေးချယ်သောက်သုံးကြရမှာပေါ့နော်။ ဈေးနှုန်းကိုမကြည့်ဘဲ အရည်အသွေးကို အဓိကထားကြဖို့ အကြံပေးချင်ပါတယ်။

သုံးနာရီလောက် စက်ရုံထဲ လှည့်ပတ်ကြည့်ပြီး မောလာတာနဲ့ ရေသန့်ဘူးကောက်ကိုင်တော့ အဲ့ဒီကဝန်ထမ်းက တခြားရေသန့်ဘူး ပြေးယူလာပြီး အခုမှစက်ထဲကထွက်လာတဲ့ ရေသန့်ကို ချက်ချင်းမသောက်ဖို့ပြောပါတယ်။ ရေတွေက အိုဇုန်းဖြည့်ပြီး ပိုးသတ်ထားတဲ့အတွက် ထုတ်လုပ်ပြီး အနည်းဆုံး၁၂ နာရီနောက်ပိုင်းမှ သောက်လို့ရတယ်လို့ သိရတယ်။ အလုပ်လည်ပတ်တာ ကာလ ဘယ်လောက်မှ မရှိသေးပေမယ့်လည်း စက်ရုံလည်ပတ်ပုံက နည်းစနစ်တကျ ရှိလှပါတယ်။

ကျန်းမာရေးနဲ့ညီညွတ်တဲ့ Natural spring water နဲ့ RO ရေသန့်ကို ယုံကြည်စိတ်ချစွာသောက်သုံးချင်တဲ့သူတွေအတွက်တော့ ခါကာဘိုရာဇီကို ဆက်သွယ်လိုက်ဖို့ တိုက်တွန်းပါရစေ။

# အပတ်စဉ် ဇာတ်ကားသစ်များ ပြသနိုင်ရန် ဧရာရုပ်ရှင်ရုံကို တိုးချဲ့တည်ဆောက်မည်



ဓာတ်ပုံ - Salai

ဩဂုတ် ၂၄

မြစ်ကြီးနားမြို့ရှိ ဧရာရုပ်ရှင်ရုံ နိုင်ငံခြားဇာတ်ကားနှင့် မြန်မာကားများ နေ့ညအပြိုင် ကြည့်ရှုနိုင်ရန် ပရိသတ်အယောက် သုံးရာဆံ့ရုံနှစ်ရုံ ထပ်မံတည်ဆောက်သွားမည်ဟု သိရသည်။

လက်ရှိ ဧရာရုပ်ရှင်ရုံ နောက် မြေကွက်လပ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့် ပွင့်လင်းရာသီမှ စတင် တည်ဆောက်သွားမည် ဖြစ်ကြောင်း ဧရာရုပ်ရှင်လုပ်ငန်းစုကုမ္ပဏီပိုင်ရှင် ဦးဆန်းတောက်ကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"နိုင်ငံခြားကားကတော့ နေ့ည ကျွန်တော်ပြပေးမှာ ရုံဖန်ရုံခါ Channel က ထွက်လာတဲ့ ဗမာကားတွေလည်း ပြလို့ရအောင် ပြပေးမယ်။ ဇာတ်ကားတွေ မလွတ်သွားအောင် ဟိုက ထွက်လာတဲ့ ဇာတ်ကားတွေ လွတ်သွားတာမရှိရအောင် ထုတ်လုပ်သူလည်း အဆင်ပြေ ကျွန်တော်တို့ ရုံပြတဲ့လူလည်း အဆင်ပြေ၊ ကြည့်တဲ့လူလည်း ရွေးချယ်မှုရသွားအောင်လို့ ဒီပုံစံနဲ့ဆောက်လိုက်တာပါ"ဟု ဦးဆန်းတောက်က ပြောသည်။

လက်ရှိ ဧရာရုပ်ရှင်ရုံတွင် နိုင်ငံခြားဇာတ်ကားများကို ညနေ ၃ နာရီခွဲတွင် ပြသနေပြီး ယင်းအချိန်သည် လာရောက်ကြည့်ရှုသူများအတွက် အဆင်မပြေသည့် အချိန်ဖြစ်နေသည်ဟုလည်း ရုပ်ရှင်ရုံပိုင်ရှင်က ထပ်မံပြောဆိုသည်။

"တစ်ပတ်မှာ နှစ်ကား အနည်းဆုံးထွက်တယ်။ ကျွန်တော်တို့မှာရှိတာက ရုံကတစ်ရုံတည်းဆိုတော့ ပြီးတော့ ကျွန်တော်တို့က နိုင်ငံခြားကားလည်း ပြချင်သေးတယ်ဆိုတော့ တစ်ပတ်မှာပြစရာ ကားသုံးကားရှိတယ်။ ဇာတ်ကားပြစရာ သုံးကားရှိတော့ တစ်ရုံတည်းနဲ့တော့မဖြစ်ဘူး။ အခု နိုင်ငံခြားကား ပြပေးနေတာလည်း သုံးနာရီခွဲပွဲဆိုတော့ တချို့က အားတယ်၊ တချို့လူတွေအတွက် အချိန်က ကိုးလို့ကန့်လန့်ဖြစ်နေတယ်။ ညနေဆိုတော့ အများစုက လာမကြည့်နိုင်ကြဘူး။ ဒီအခြေအနေကြောင့် ဗမာကားလည်း ပြလို့ရအောင် နိုင်ငံခြားကားလည်းပြလို့ရအောင် အဲ့လိုရည်ရွယ်တယ်"ဟု ဦးဆန်းတောက်က ပြောသည်။

အသစ်နှစ်ရုံတည်ဆောက်ရန် အစီအစဉ်ရှိသော်လည်း လောလောဆယ်အနေအထားတွင် တစ်ရုံကို အရင်တည်ဆောက်သွားမည်ဟု သိရသည်။

အသစ်ဆောက်လုပ်မည့် ရုပ်ရှင်ရုံအသစ်၏ ဒီဇိုင်းအနေအထားကို အသစ်အဆန်းဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိဧရာရုံမကြီးနှင့် နှိုင်းယှဉ်လျှင် ပိုမိုခေတ်မီသည့် ဒီဇိုင်းမျိုးဖြင့် တည်ဆောက်သွားမည်ဟုလည်း ၎င်းကပြောသည်။

လက်ရှိဧရာရုပ်ရှင်ရုံတွင် တစ်နေ့လျှင် သုံးပွဲပြသပေး လျက်ရှိကာဇာတ်ကားကောင်းသည့် အချိန်မျိုး တွင် ၄ ပွဲပြသနေသည်ဟု ဧရာရုပ်ရှင်တာဝန်ခံဦးလှိုင်ထူးက ပြောသည်။

"မနက် ကိုးနာရီခွဲပွဲ ထပ်တိုးတယ်။ တစ်ပွဲကတော့ အင်္ဂလိပ်ကားပြတယ်။ ရုံအသစ်ပြီးရင်လည်း သုံးပွဲပဲဆက်ပြမယ်။ လက်မှတ်မရဘဲ ပြန်သွားတဲ့သူတွေရှိတယ်။ သူတို့အဆင်ပြေအောင်ပါ။ ရုံအသစ်မှာ နိုင်ငံခြားကားပြရင် ဒီဘက်မှာ အချိန်တစ်ချိန်လွတ်လာမယ်။ အဲ့ဒီမှာ ဗမာကားကြည့်လို့ရအောင်ပေါ့။ ဒီနေ့ပဲ အားတယ်ဆိုတဲ့သူတွေ ဒီနေ့ကြည့်လို့ရသွားမှာပေါ့"ဟု ဦးလှိုင်ထူးက ပြောသည်။

ဧရာရုပ်ရှင်ရုံတွင် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့မျိုးတွင် လာရောက်ကြည့်ရှုသည့် ပရိသတ်များပြားပြီး တနင်္လာနေ့တွင် လာရောက်ကြည့်ရှုသူအနည်းဆုံးဖြစ်ကြောင်း ဧရာရုပ်ရှင်ရုံတာဝန်ခံထံမှ သိရသည်။ လက်ရှိပြသလျက်ရှိသည့် ဧရာ(မြစ်ကြီးနား) ရုပ်ရှင်ရုံသည် ပရိသတ် ၅၄၅ ဦး ဝင်ဆံ့ပြီး ဧရာရုပ်ရှင်ရုံသည် မြစ်ကြီးနားမြို့တွင် ၁၉၅၅ ခုနှစ်မှ စတင်ပြသခဲ့ရာ ရုပ်ရှင်ရုံ၏သက်တမ်းမှာ ၆၃ နှစ်ခန့်ရှိပြီလည်း ဖြစ်သည်။

ထို့အပြင် ဧရာရုပ်ရှင်လုပ်ငန်းစုကုမ္ပဏီမှ ယခုနှစ်အတွင်း ဧရာ(မြစ်ကြီးနား)နှင့် ဧရာ(မိုးကောင်း) ရုပ်ရှင်ရုံများကို အဆင့်မြှင့်တင်ခဲ့ပြီး ထပ်မံ၍ မြန်မာပြည်အောက်ပိုင်းဒေသတွင်လည်း နှစ်ရုံထပ်မံတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

Salai